mgyoe.com SAMPLE BOOK

E B
S I

IF YOU WANT TO BE RICH & HAPPY,

# DON'T GO TO SCHOOL

Robert T. Kiyosaki

# ဘယ်ကျောင်းမှာနေ ဘယ်စာတွေသင်မလဲ

## ညီညီနိုင်


ပညာရေးနောက် အငမ်းမရလိုက်နေရင်း စီးပွားရေးခြေလှမ်း နောက်မကျစေဖို့

mgyoe.com

# Rich Dad's ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ

SAMPLE BOOK
























yeye2009

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

ပညာရေးနောက် အငမ်းမရလိုက်နေရင်း စီးပွားရေးခြေလှမ်း နောက်မကျစေဖို့

ညီညီနိုင်

# ဘယ်ကျောင်းမှာနေ ဘယ်စာတွေသင်မလဲ

IF YOU WANT TO BE RICH & HAPPY.

**DON'T GO TO SCHOOL**

ROBERT T. KIYOSAKI

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး ၄၀၀၀ ကျပ်

အုပ်ရေ ၅၀၀ အုပ်

ဒုတိယအကြိမ် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ

မျက်နှာဖုံး ပန်းရွှေပြည်

ထုတ်ဝေသူ ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုစွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ် မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* စာနိဒါန်း ၇
၁ ။ လမ်းကြောင်းအသစ် ရေးဆွဲခြင်း ၁၁
၂ ။ အကြီးဆုံး အမှား ၂၆
၃ ။ ဘာဖြစ်ချင်သလဲ ၃၅
၄ ။ ကျွန်တော့်သားလေး သိပ်တော်တယ် ၄၅
၅ ။ ငါ့လခတွေ ဘယ်မှာလဲ ၆၄
၆ ။ အဖြေမှန်နေပြီပဲ။ ဘာထပ်စဉ်းစားရဦးမှာလဲ ၇၄
၇ ။ ငွေလား, မြေလား, မကောင်းဆိုးဝါးလား ၈၃
၈ ။ ငွေကြေးအရ လုံခြုံစိတ်ချရမှု ၉၄
၉ ။ အမျိုးသမီးတွေ အားနွဲ့တယ်လို့ ၁၀၆
၁၀ ။ ကြက်တူရွေး စာအံခိုင်းတဲ့ သင်နည်း ၁၁၄
၁၁ ။ အမှားက မှန်သောအခါ ၁၂၈
၁၂ ။ ဖျင်းအ,မိုက်မဲသူများကို ဘုရားသခင်မဖန်ဆင်းပါ ၁၃၄
၁၃ ။ ဆင်းဆင်းရဲရဲ သေရသူများ ၁၄၁
၁၄ ။ ချမ်းသာသူတွေ ဘယ်လို ဆင်းရဲနိုင်သလဲ ၁၄၉
၁၅ ။ ၁နှင့်၁ပေါင်း၂ အမြဲတမ်း မဖြစ်သောအခါ ၁၅၅
၁၆ ။ ဆရာတွေရဲ့အပြစ် မဟုတ်ပါ။ ၁၆၃


mgyoe.com

။ ၁၇ ။ အပြောင်းအလဲ လုပ်ရဲတဲ့ သတ္တိ ၁၆၉
။ ၁၈ ။ ဝါပါကူနန့် သင်ခန်းစာ ၁၇၇
။ ၁၉ ။ ရသုံးငွေအနည်းငယ်နှင့် ကြွယ်ဝချမ်းသာအောင် လုပ်နည်း ၁၈၆
။ ၂၀ ။ လစာ ပိုလိုချင်တယ်ဆိုရင် ပြင် ၁၉၈
။ ၂၁ ။ ဆင်းရဲတာ ဘယ်သူ့ကြောင့်လဲ ၂၁၀
။ ၂၂ ။ ရှေ့မတက်အောင် ဆွဲထားတဲ့ သင်ခန်းစာတွေကို မသင်ပါနှင့်တော့ ၂၂၂
။ ၂၃ ။ ကျွန်တော်သာ ကျောင်းတွေကို ပြုပြင်ပြောင်းလဲရေး လုပ်ရလျှင် ၂၃၃
။ ၂၄ ။ ကျွန်တော့်ကလေးတွေကို ကျောင်းပို့ရမှာလား ၂၄၆
။ ၂၅ ။ သူတို့ကလေးတွေကို ကျောင်းအကြောင်း ဘာတွေ ပြောရမလဲ ၂၅၇
။ ၂၆ ။ ကိုယ့်ဉာဏ် ကိုယ့်အစွမ်းကို အားကိုးတကြီး ပွေ့ပိုက်ထား ၂၆၂

mgyoe.com

mgyoe.com SAMPLE BOOK

# စာနိဒါန်း

ကျွန်တော်တို့သားသမီးတွေရဲ့ စိတ်ထဲ, နှလုံးသားထဲနှင့် အနာဂတ်စီးပွား ရေးမှာ အရှုံးအနိုင်ကစားခိုင်းတဲ့ပုံစံ(အတိအကျပြောရရင်) အမေရိကန်ပညာရေး စနစ်ကို ရပ်ပစ်ဖို့ အချိန်တန်ပါပြီ။

ကျွန်တော်ကိုယ်တိုင် အမေရိကန်၌ ကျောင်းနေစဉ်ကာလမှာ အများစုဟာ စနစ်ကျတဲ့ ပညာရေးကို မသင်ခဲ့ရဘဲ၊ ဝိုင်းပယ်တဲ့စနစ်ကိုသာ ကျင့်သုံးခဲ့ရပါ တယ်။ အဲဒီစနစ်ဟာ ဝမ်းနည်းစရာကောင်းလောက်အောင် ဒီနေ့အထိ ဆက်လက် ရပ်တည်နေတာလည်း တွေ့ရပါတယ်။

ဒီစနစ်က ကျောင်းသားတစ်ဦးချင်းအနေဖြင့် အထူးချွန်ဆုံး, အထက်မြက် ဆုံးဖြစ်အောင် ပံ့ပိုးကူညီရမည့်အစား၊ 'အတော်ဆုံးလူသာ ရှင်သန်မယ်'ဆိုတဲ့ အဓိပ္ပာယ်အရ တစ်ယောက်နှင့်တစ်ယောက် အသေအလဲ ဗိုလ်လုပွဲတွေဆင်နွှဲတဲ့ ကြိုးဝိုင်းထဲမှာ ချောင်ပိတ်ထားလိုက်တာပါပဲ။

ဒီစနစ်ကြောင့် ကျွန်တော်တို့အထဲက ကျောင်းသား ၁၅ ရာခိုင်နှုန်းသာ အောင်နိုင်သူတွေအဖြစ် သတ်မှတ်ခံရပြီး၊ ကျန်တဲ့လူတွေအဖို့တော့ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှုတွေလျော့ပါးပြီး၊ စိတ်အားငယ်ကုန်ကြရပါတယ်။

ကျွန်တော်တို့ဟာ ဘဝကို ကောင်းကောင်းမွန်မွန် ရင်ဆိုင်ဖြတ်သန်းဖို့ ကျွမ်းကျင်ပညာတွေ ပြည့်ဝပြီဆိုတဲ့ယုံကြည်ချက်နှင့် ကျောင်းထွက်ရမယ့်အစား၊ များသောအားဖြင့် မတောက်တခေါက်ဘွဲ့တွေနှင့် ထိခိုက်နာကျင်မှုတွေ ခံစား ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ အရွယ်ရောက်လို့ လူတော်သူတော်တိုးရတဲ့ အချိန်မှာ စိန်ခေါ်မှုတွေအတွက် ဘာမျှ အဆင်သင့်ပြင်ဆင်မှုမရှိတာ ရှက်စရာ

mgyoe.com

 mgyoe.com SAMPLE BOOK 

ကြုံရတာပါပဲ။ ဒီပုံစံအတိုင်း ကျွန်တော်တို့သားသမီးတွေနှင့် သူတို့မျိုးဆက်တွေကို အမွေဆက်ပေးရတော့မှာလား။

နိုင်သူနှင့် ရှုံးသူတွေအဖြစ် ပစ်ချခံရတဲ့ ဒီကစားပွဲမှာ နိုင်တယ်ဆိုတဲ့ လူတွေတောင် တစ်နေ့မှာ ဘာမဟုတ်တဲ့နေရာမှာ အကျပ်အတည်းဒုက္ခ တွေ့ရ တတ်ပါသေးတယ်။

စီးပွားရေးဖိအားတွေ, ကုန်ထုတ်စွမ်းအားကျဆင်းမှုတွေ, ရာဇဝတ်မှု, စိတ်ဖိစီးမှု, တစ်ကိုယ်ရည်ကျေနပ်နှစ်သိမ့်မှု လျော့ပါးရမှု စသဖြင့် ကျွန်တော်တို့ အားလုံး ပေးဆပ်ရတဲ့တန်ဖိုးတွေဟာ တိုင်းဆလို့မရလောက်အောင်ပဲပေါ့။

စနစ်တစ်ခုရဲ့အဖျက်စွမ်းအားကို စစ်အတွေ့အကြုံတွေက နှိုင်းယှဉ်ပြ ထားတာကိုကြည့်ရင် သိနိုင်ပါတယ်။

'သေနင်္ဂဗျူဟအတတ်မှာ ငါ့ဆရာ' ဆိုတဲ့စာအုပ်မှာ James Cleary က ဆွန်ဇူးရဲ့ ဂန္ထဝင်မြောက်ရှင်းလင်းချက်ကို ဘာသာပြန်ထားတာ ဒီလိုပါ။

'သင် လူအမြောက်အမြားကို သတ်သောအခါ
သူတို့အတွက် ဝမ်းနည်းပူဆွေး ငိုကြွေးမိမည်ဖြစ်၏။
စစ်ပွဲတစ်ပွဲကို နိုင်လျှင်မူ
ငိုကြွေးမြည်တမ်းသံများဖြင့် အောင်ပွဲခံသည့်သာ။'

ဒီခေတ်မှာ မျိုးဆက်ပေါင်းများစွာ ငိုသံတွေနှင့် အောင်ပွဲခံနေတာကို ပြောင်းလဲပစ်ရမယ့်အချိန် ရောက်နေပါပြီ။

ဒီအပြောင်းအလဲကို ကျွန်တော်တို့ တစ်ယောက်ချင်းက စ,လုပ်လို့ရပါ တယ်။

ကျွန်တော်တို့ဟာ ခနော်ခနဲ့ ထော့ကျိုးဖြစ်မှုတွေ, ကိုယ့်ကိုယ်ကို နှိမ့်ချတဲ့ အကျင့်တွေနှင့် အစဉ်အလာအရသင်ကြားခဲ့ရတဲ့ တွေးပုံတွေးနည်းတွေကို စွန့်ပစ် ရမှာပါပဲ။

ဒီလိုနှင့် ကျွန်တော်တို့ဘဝမှာ အောင်မြင်မှုတွေရပြီး ပျော်ရွှင်နိုင်သလို ကြီးကောင်ဝင်ဆဲ လူငယ်တွေကိုလည်း အောင်မြင်မှုရဖို့လိုအပ်တဲ့ စံနမူနာကောင်း တွေပြသပေးရာရောက်ပါလိမ့်မယ်။

mgyoe.com

SAMPLE BOOK


ကျွန်တော်တို့ တစ်ဦးချင်းရဲ့ဖြစ်ရပ်တွေအပေါ် ဂရုစိုက်သတိထားမှုတွေ တိုးပွားလာတာနှင့်အမျှ ပညာရေးစနစ်အရ ထိခိုက်ပျက်စီးမှုတွေကိုလည်း ကျော်လွှားသွားနိုင်မှာပါ။

ကျွန်တော်တို့ဒဏ်ရာတွေကိုပျောက်အောင် ကုသခြင်းဖြင့် တခြားဘာမျှ လုပ်စရာမလိုဘဲ ကမ္ဘာကြီးကို ကြီးစိုးလွှမ်းမိုးနိုင်မှာလည်း ဖြစ်ပါတယ်။

ဒီအောင်မြင်မှုဟာ လူ့အဖွဲ့အစည်းကို ယေဘုယျအနေနှင့် ပျော်ရွှင်ချမ်းမြေ့မှုပေးသလို၊ အဓိကအားဖြင့် ပညာရေးစနစ်အပေါ်မှာလည်း ထူးထူးခြားခြား ဖြစ်သွားစေမှာ မလွဲပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ပညာရေးစနစ်နှင့် တိုက်ရိုက်ပတ်သက်နေတဲ့ မိဘတွေ, ဆရာတွေ, အုပ်ချုပ်သူတွေ, စေတနာ့ဝန်ထမ်းသမားတွေ, စိတ်ဝင်တစားထိန်းသိမ်း လိုသူတွေမှာ တာဝန်ရှိတာတော့ အမှန်ပါပဲ။

ကျွန်တော်တို့အနေပြင့် အိမ်တွင်းကစလို့ စိတ်ဓာတ်တွေပြင်ရင်းက အပြောင်းအလဲလုပ်ပြီး၊ နောင်လာမယ့်မျိုးဆက်တွေ သူတို့ကိုယ်သူတို့ တန်ဖိုးထား အကဲဖြတ်တတ်အောင် ကူညီဖို့လိုပါတယ်။

ဒီစာအုပ်ရဲ့ရည်ရွယ်ချက်က ပညာရေးနှင့်ပတ်သက်တဲ့ အလင်းရောင် အနည်းနှင့်အများပေးဖို့ဖြစ်ပြီး၊ ဒီနေ့လူငယ်တွေ အကျိုးရှိစေဖို့ပါပဲ။

ကျွန်တော်တို့ကိုယ်တိုင်နှင့် ပညာရေးစနစ် ၂ ခုစလုံးပြောင်းလဲဖို့ ခက်ခဲပုံ ကိုလည်း မီးမောင်းထိုးပြပြီး၊ လောလောဆယ် ကျွန်တော်တို့တစ်ဦးချင်း နည်းနည်း လေးကြိုးပမ်းအားထုတ်ရုံနှင့် ဒီ ၂ ခုကိုပြောင်းလဲနိုင်တာကိုလည်း အသိပေးချင် ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လူတွေအားလုံးဟာ
သူတို့ကြီးပြင်းလာရတဲ့ ပတ်ဝန်းကျင်၊ သို့မဟုတ်
ယဉ်ကျေးမှုရဲ့ ညို့ဖမ်းလွှမ်းမိုးမှုကို ခံကြရပါတယ်။
အရွယ်ရောက်လာချိန်မှာ အခက်ဆုံးအလုပ်က
ဒီလိုညို့စက်ကွင်းက လွတ်အောင် ရုန်းထွက်ဖို့နှင့်
ဘဝအလင်းရောင် ရဖို့ပါပဲ။
Eillis Harman and Howard Rheingold

mgyoe.com

mgyoe.com SAMPLE BOOK

# ၁

## လမ်းကြောင်းအသစ် ရေးဆွဲခြင်း

ကျွန်တော်တို့မှာ အနာဂတ်ခရီးကို အနှစ် ၂၀၀ လောက်ရောက်ခဲ့ပြီလို့ တဒင်္ဂယူဆလိုက်ကြပါစို့။ ကျွန်တော်တို့ဟာ ၂၀ ရာစုလို့ လူသိများခဲ့ကြတဲ့ သမိုင်းကာလတစ်ခုအကြောင်း ဆွေးနွေးနေကြတဲ့ ပညာရှင်တွေတွေ့ဆုံပွဲထဲ ရောက်သွားကြပါတယ်။ သူတို့အတွက် အဲ့ဒီခေတ်ဟာ ပြဿနာတွေ အဖြေမရနိုင်ဘဲ ရှုပ်ထွေးနေရဆဲ ဖြစ်ပါသတဲ့။

သူတို့က ဗီဒီယိုတိတ်တွေ, အဲဒီခေတ်လက်ရာ ကိရိယာတန်ဆာပလာတွေ, သတင်းလွှာတွေ, စာပေတွေကို ရက်ပေါင်းများစွာ လေ့လာခဲ့ပြီးသားပေါ့။ ခင်ဗျားဟာ ရောမခန်းမကြီးနောက်တန်းမှာ ဝင်ထိုင်လိုက်ချိန်မှာပဲ ပညာရှင်တစ်ယောက်က ထပြောလိုက်ပါတယ်။

"ကျွန်တော်တို့ လေ့လာမိသလောက်တော့ ၂၀ ရာစုခေတ်ဟာ ထွန်းကားတိုးတက်မှု အရှိဆုံးပါပဲ။ ဒါပေမယ့် ကျွန်တော်နားမလည်နိုင်အောင် ခေါင်းရှုပ်နေရတာတစ်ခု ရှိပါတယ်"

"အဲဒါ ဘာများပါလိမ့်"

သဘာပတိတစ်ယောက်က မေးလိုက်ရာမှာ ပညာရှင်က–

"၁၉၉၀ ပြည့်လွန်နှစ်များမှာ စီးပွားရေးကသောင်းကနင်း ဖြစ်ကုန်တဲ့ ကြားကတောင် ပညာရေးစနစ်ပြောင်းလဲဖို့ ခါးခါးသီးသီး ငြင်းဆန်နေတဲ့အဖြစ်

ပါပဲ။ အဲဒီအချိန်က ပညာရေးစနစ်ဟာ ခေတ်နှင့် မလျော်ညီတော့ပါဘူး။ စီးပွားရေးအသိပညာနှင့် ကျွမ်းကျင်မှုတွေ လိုအပ်နေတယ်ဆိုတာ စီးပွားပျက်ကုန်ကြတာက အထင်အရှားပြနေခဲ့ပါတယ်''

တခြားပညာရှင်တွေက စိတ်မကောင်းခြင်းကြီးစွာနှင့် ခေါင်းကို ဖြည်းဖြည်းလေးလေးညိတ်ကြပါတယ်။

ပညာရှင်က စကားဆက်တယ်လေ။

''အဲဒီခေတ်က လူတွေကို ငွေရဲ့အခြေခံပညာတွေသင်ပေးဖို့ ပျက်ကွက်ခဲ့ကြပါတယ်။ သူတို့က တစ်ချိန်ကျရင် သုံးမရအောင် အလဟဿဖြစ်မယ့် အသက်မွေးဝမ်းကျောင်းမှုလောက်သာ အရေးထား သင်ပေးခဲ့ကြတာပါ။ ဒါဟာ ရေးကမ္ဘာဦးက အမဲလိုက်တတ်ဖို့သာ သင်ပေးပြီး လယ်ယာစိုက်ပျိုးရေးလုပ်တတ်အောင် မသင်ခဲ့ကြတာနှင့် တူပါတယ်''

နောက်ထပ် ခေါင်းတွေတညိတ်ညိတ် ဖြစ်သွားပြန်ပါတယ်။

''ပညာရေးစနစ်ဟာ ငွေကြေး,အကြွေးနှင့် ရင်းနှီးမြှုပ်နှံမှုတွေအကြောင်း များများစားစားသင်မပေးဘူးဆိုမှတော့ ဘယ်သူက သင်ပေးဦးမှာလဲ''

ဒီတွင် ဒီကိစ္စကို လေ့လာထားပုံရတဲ့လူတစ်ယောက်က ထပြီး

''ဘဏ်တွေနှင့် တခြားငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက သင်ပေးတယ်လေ''

ပထမပညာရှင်က လက်မခံနိုင်သလို ခေါင်းကို ခါယမ်းလိုက်ရာက

''ခင်ဗျားက လူတွေရဲ့ မသိနားမလည်မှုနှင့် အမှားတွေထဲက အမြတ်ထုတ်တဲ့လူတွေကပဲ ပညာတွေ ပြန်သင်ပေးနေတယ် ဆိုလိုတာလား။ စင်စစ်တော့ အဲဒီအဖွဲ့အစည်းကပဲ စီးပွားရေးတွေကို ဖျက်ဆီးပစ်တာဖြစ်လို့၊ စီးပွားပျက်ကပ်ဆိုက်ရာမှာ သူတို့ဟာ တာဝန်အရှိဆုံးပါပဲ။ ဒီ့အပြင် သူတို့ဟာ ကျန်တဲ့ပြည်သူတွေကို ငွေချေးဖို့, ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့, ငွေစုဖို့တွေ သူတို့လက်ကိုင်တုတ်တွေကတစ်ဆင့် ဆွယ်ခဲ့တာပါ။ ဒါကိုပဲ ပညာပေးတာလို့ ပြောရမလား။

ပညာရှင်ပရိသတ်တွေ ခေါင်းချင်းရိုက်ပြီး ပွက်လောညံသွားပါတယ်။

နောက်ဆုံး တစ်ယောက်က မှတ်ချက်ချတယ်။

mgyoe.com

"ဒါဟာ သိုးအုပ်ကို သားသတ်ရုံဆီ ခေါင်းဆောင်ခေါ်သွားတာပဲ ဖြစ်ရမယ်"

သူ့နောက်က အမျိုးသမီးတစ်ဦးကလည်း

"မျက်မမြင်ဒုက္ခိတကို အကန်းက လမ်းပြတာပေါ့"

"အဲဒီ ၂ ခုစလုံးလည်း ဖြစ်နိုင်တယ်"

ဒီနောက်တော့ တသောသောရယ်သံတွေ။

နောက် အကြာကြီးငြိမ်သွားပြီး၊ ပထမပညာရှင်က

"ဒီအထဲမှာ ကျွန်တော့်အဖို့ မယုံနိုင်စရာအကောင်းဆုံးကတော့ အဲဒီခေတ်က ပညာသင်ပေးတဲ့ဆရာတွေဟာ ကလေးငယ်တွေကို ရိုးရိုးသားသား အမှားလုပ်မိတဲ့အတွက် အပြစ်ပေးတာကိုပါပဲ။ ဒါကို တစ်နိုင်ငံလုံးက အရိုးစွဲပြီး လိုက်လုပ်ကြတယ်လေ။ ဒါဟာ လူတွေရဲ့ သင်ကြားမှုအခြေခံမှုတွေကို ချိုးဖောက်လို့ ချိုးဖောက်မှန်းမသိဘဲ လုပ်မိတာများ ဖြစ်နေမလားပဲ"

၂၂၀၀ ပြည့်နှစ်က လူသားတွေအနေဖြင့် လူငယ်တွေကို မသိနိုးနားမှားမိတာကြောင့် အရေးယူ အပြစ်ပေးတယ်ဆိုတာ ကြမ်းကြုတ်ရက်စက်လွန်းရာကျသလို၊ အနာဂတ်အခွင့်အလမ်းတံခါးကို ပိတ်ပစ်လိုက်တာလို့ ယူဆကြပါတယ်။ ယဉ်ကျေးမှုရှုထောင့်က ကြည့်မယ်ဆိုလည်း ပျော်ရွှင်မှုနှင့် အောင်မြင်မှု ဆုလာဘ်တွေကို အဓမ္မလုယူရာ ရောက်နေပါသတဲ့။

"ဘုရားရေ။ အဲဒီခေတ်ကလူတွေ ဘာဘေရီးယန်းတွေလို တကယ့်အရိုင်းအစိုင်းတွေပါလား"

ခန်းမထဲကလူအားလုံးကို ကိုယ်စားပြုပြီးထွက်လာတဲ့ အသံတစ်သံပါ။

အထက်ပါ အနာဂတ်ထိုးဇာတ်ကလေးကို မျက်မှောက်ခေတ် ဒီကမ္ဘာမှာ ဖြစ်နေတဲ့အခြေအနေကို အစစ်တကယ် ထင်ဟပ်နေပါတယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့နှင့် ရင်နှစ်သည်းချာသားသမီးတွေ လက်ရှိကြုံတွေ့နေရတဲ့ အဖြစ်မှန်ကို သရုပ်ဖော်လိုက်တာဆိုလည်း မမှားပါဘူး။ ကျွန်တော်တို့တစ်တွေရဲ့ဘဝဟာ မျှော်မှန်းထားတာထက် နိမ့်ကျပြီး၊ ချောက်ချားစရာကောင်းတာတွေလည်း တွေ့ရ

mgyoe.com

 mgyoe.com SAMPLE BOOK 

ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ညံ့ဖျင်းချွတ်ယွင်းမှုကြောင့်မဟုတ်ဘဲ၊ အမေရိကန်ပညာရေး စနစ်မကောင်းလို့ ဖြစ်ရပြီး၊ ဒီပညာရေးစနစ်ကလည်း အောင်မြင်ဖို့ ထက်ရှုံးနိမ့်ဖို့ကို ဦးတည် သင်ကြားပေးနေလို့ပါပဲ။

ဒီစကားက နည်းနည်း ခက်ထန်တင်းမာတာကို ဝန်ခံပါတယ်။ ဒါပေမယ့် လူတွေကို တပ်လှန့်ပေးလိုက်တာ ဖြစ်ပါတယ်။ သမိုင်းကြောင်းကိုပြောင်းပြီး ကိုယ့်အစွမ်းရှိသလောက် ကြိုးစားနိုင်ဖို့ အခွင့်အရေးပေးရာလည်း ရောက်ပါတယ်။

အခု သတင်းဆိုးတွေ သိပြီးပြီဆိုတော့ သတင်းကောင်းတွေ ပြောပါရစေဦး။

မင်္ဂလာသတင်းကတော့ ဒီစာအုပ်ထဲက အခြေခံမှုတွေရဲ့လမ်းညွှန်ချက်အရ အမှားအယွင်းတွေကို ရှောင်ကြဉ်လို့ ဘဝသစ်ကို တည်ဆောက်နိုင်မယ် ဆိုတာပါပဲ။ ကိုယ့်အရင်က ထောင်ချီနေတဲ့လူတွေ ရှာဖွေတွေ့ရှိခဲ့တဲ့လမ်းကြောင်းအရ ကိုယ်လိုချင်တဲ့ဘဝ၊ ကိုယ်အိပ်မက်မက်ခဲ့တဲ့ ပျော်ရွှင်ချမ်းသာမှုတွေ ရယူနိုင့်မယ့် အခြေအနေကို ဖန်တီးနိုင်ဖို့ လမ်းပြပေးထားတာကိုလည်း ဖတ်ရပါလိမ့်မယ်။

ဒီစာအုပ်က ကျွန်တော်တို့ဘဝမှာ ခေါင်းမြီးခြုံဖုံးကွယ်ထားတဲ့ အမှန်တရားတွေကို လှစ်ဟဖော်ထုတ်ပေးမှာပါ။ ဒီစာအုပ်ထဲမှာ အောင်မြင်ရေးလမ်းကြောင်းသစ်နှင့် ရေးဆွဲထားတဲ့ အသစ်စက်စက်မြေပုံတစ်ခုကို တွေ့ရမယ့်အပြင်၊ ခင်ဗျားစိတ်ကူးယဉ်ထားတဲ့ ဘဝထက်သာလွန်တဲ့ ချမ်းသာပျော်ရွှင်မှုကိုလည်း အပိုင်ရစေနိုင်ပါတယ်ဆိုတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## ကလေးများ၏
## စိတ်ထဲတွင် ဆုံး
## ရှုံးမှုမျိုး
## စေ့ချခြင်း

တစ်ချိန်က ပုံစံအမျိုးမျိုးနှင့် ကျွန်တော်တို့ကို ဟန့်တားခဲ့ကြတာတွေ ကြုံခဲ့ရပါတယ်။

"ကောင်းကောင်းနေ"

"ပြောတဲ့အတိုင်းလုပ်"

"မဟုတ်ဘူး။ မင်း မှားနေပြီ"

"ဟော့ဒါမှ မှန်တာကွ"

"မမှားစေနှင့်နော်"

"ကျောင်းမှာစာတော်မှ ဘဝမှာအောင်မြင်ဖို့ သေချာတာ"

ကလေးတွေဆိုတော့ လူကြီးတွေကျေနပ်အောင် နားထောင်လိုက်ကြတာပေါ့။ ဒီလိုနှင့် အပြစ်ကင်းစင်တဲ့အစွမ်းသတ္တိတွေ, မွေးရာပါအခွင့်အရေးတွေထဲမှာ ဆေးခတ်, ဘောင်သတ်ခံရသလို ဖြစ်သွားပါတယ်။ ဒါပေမယ့် အနှစ် ၂၀-၂၅ ကြာတဲ့အခါမှာ မျိုးစေ့တချို့သာ အပင်ပေါက်ရှင်သန်ပြီး၊ များသောအားဖြင့် အပင်တွေပုပ်လို့ သေကုန်ကြရတာကလား။ သူတို့ဘဝမှာလည်း ဒေါသတွေ, အားအားသင့်မှုတွေ, နာကျည်းမှု ဝေဒနာတွေနှင့်အတူ၊ ကြမ်းတမ်း ခက်ထရော်မှုတွေနှင့်ရင်ဆိုင် ဖြတ်သန်းရတော့တာပါပဲ။

ဘာဖြစ်လို့လဲ။

အကြောင်းရှာလိုက်တော့ ကျောင်းသုံးစာတွေသာသင်ပြီး၊ အပြင်လောကအကြောင်း ပတ်ပတ်နပ်နပ် သင်မပေးလို့ပဲ ဖြစ်ပါတယ်။ အတော်များများကတော့ ဘဝလမ်းမှာ အလွယ်တကူ သက်သောင့်သက်သာလျှောက်လှမ်းနိုင်တဲ့

mgyoe.com

ပညာတွေရပြီလို့ ယုံမှတ်ကြပါတယ်။ ဒါပေမယ့် မဆိုစလောက်အနည်းငယ်သာ အောင်မြင်ကြရပါတယ်။ ဒါဟာ သူတို့ဘဝမှာ ရောဂါဆိုးတွေ အမြစ်တွယ်စေတဲ့ ဗိုင်းရပ်စ်ပိုးတွေ ကူးစက်ခံရလို့ပါပဲ။ အထူးသဖြင့် ငွေကို အဆိုးမြင်ပြီး ငွေကြောက်ရာက ငွေကို ဘယ်လို ရှာဖွေထိန်းသိမ်းရမှန်းမသိတဲ့ ရောဂါပေါ့။

သူတို့လိုချင်တဲ့ ရည်မှန်းချက်မပေါက်တာဟာ ကျောင်းသားဆိုးတွေ, စာညံ့သူတွေဖြစ်လို့ မဟုတ်ဘဲ၊ စာတော်သူတွေ ဖြစ်ခဲ့တာလည်း တစ်ကြောင်း ပါဝင်ပါတယ်။ တစ်နည်းဆိုရင် ကျွန်တော်တို့ရဲ့ အမေရိကန်ပညာရေးစနစ်က ဘဝနောက်ပိုင်းမှာ အဆုံးအရှုံးတွေသာ သင်ပေးလိုက်သလို ဖြစ်တာနှင့်အမျှ အတက်နှေးစေခဲ့တာမို့ပါပဲ။

လျှင်မြန်သွက်လက်ဖို့လိုတဲ့ ၂၁ ရာစုခေတ်ကြီးမှာ ဖြည်းဖြည်းလေးလေး သွားနေလို့ကတော့ စားမနောက်ပိတ်တွေအဖြစ် အောက်ကျနောက်ကျကျန်ခဲ့မှာ မလွဲပါဘူး။

ဒါကို ထပ်ရှင်းပြရရင် ကျောင်းကဘွဲ့ရပြီးချိန် အသက် ၂၀ နှင့် ၃၀ ကြားမှာ ဘဝကို ထူထောင်ကြရစမြဲပါ။ ဒါပေမယ့် Alvin Toffler ခေါ်ခဲ့တဲ့ 'ပထမလှိုင်း' လယ်ယာစိုက်ပျိုးရေးခေတ်ကိုသာ အကျိုးပြုတဲ့ ပညာရေးစနစ်က ခေတ်မမီတော့ ဘာဘွဲ့ညာဘွဲ့ကြီးတွေပဲရရ ခေတ်သစ်စီးပွားရေးနှင့် အံမဝင်တော့ပါဘူး။ ကျောင်းသားတွေဟာ ကျောင်းဆင်းလို့ အိမ်ပြန်ချိန်, ရက်ရှည်ကျောင်းပိတ်ချိန်တွေမှာ အိမ်ကလယ်ယာအလုပ်တွေ ကူလုပ်ရတာပဲရှိပြီး၊ အချိန်တွေ ကုန်ရုံသာ အဖတ်တင်ခဲ့ရပါတော့တယ်။

ကမ္ဘာကြီးဟာ ၁၉ ရာစုလောက်ကတည်းက တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်လာခဲ့ရာမှာ ကျွန်တော်တို့ရဲ့ပညာရေးစနစ်က အမီလိုက်မလာဘဲ နောက်ကျန်ခဲ့တဲ့သဘောပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

# ကျောင်းပ ညာရေးကို ဘယ် လို တိုင်းတာ မလဲ

ပညာရေးစံကို ဘွဲ့ထူးဂုဏ်ထူးတွေ ရတာ, မရတာနှင့် ကောင်း,မကောင်း မသတ်မှတ်နိုင်ပါဘူး။

'လက်ရှိဘဝနှင့် ခေတ်အခြေအနေကို ကျွန်တော်တို့ ပညာရေးက ဘယ်အထိ အထောက်အကူပြုနိုင်သလဲ' ဆိုတဲ့အပေါ်မှာ စံထားပြီး အကဲဖြတ်ရမှာပါ။

'အလုပ်ကောင်း ရရဲ့လား။ မိသားစုဝင်ငွေ အလုံအလောက် ရရဲ့လား။ အဆင့်မြင့်တဲ့ဘဝကို ရနိုင်တဲ့ ကျွမ်းကျင်ပညာတွေ ပေးရဲ့လား။ ဒီနေ့ လူများစုအပေါ် ဩဇာလွှမ်းမိုးနိုင်တဲ့ပညာတွေ ဖြစ်ရဲ့လား' ဆိုတဲ့ မေးခွန်းတွေ ပြန်မေးသင့်ပါတယ်။

မျက်မှောက်ခေတ်ရဲ့အနေအထားအရ အပျံစားနေနိုင်သူတွေ တိုးများလာသလို၊ စီးပွားရေးဒုက္ခရောက်နေသူတွေ, အလုပ်လက်မဲ့ဖြစ်ရသူတွေ, အိုးမဲ့အိမ်မဲ့တွေကလည်း တစ်ပုံကြီး တိုးနေလေရဲ့။

ပညာရေးစနစ်က ဟောင်းနွမ်းနေပြီး ကင်ဆာရောဂါလို အသံတိတ်အန္တရာယ်ပေးနေရာက လူတွေရဲ့အောင်မြင်, ချမ်းသာနိုင်စွမ်းတွေကို ကန့်သတ်နေလို့ပဲ ဖြစ်ပါတယ်။ ကျောင်းတွေနှင့် လက်တွေ့ဘဝဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာ အထင်းသားမြင်ရပါလိမ့်မယ်။ အဆိုတော်မက်ဒေါနားက ၁ နှစ်ကို သန်း ၂၀ ရအောင် လုပ်နိုင်တဲ့တစ်ချိန်တည်းမှာ ကောလိပ်ကျောင်းဆရာတစ်ယောက်က ဒေါ်လာ ၂၅၀၀၀ ပဲရတာ ဘာ့ကြောင့်ပါလဲ။

'ဘွဲ့ရရင် ဘဝမှာ အောင်မြင်ချမ်းသာမယ်' ဆိုတဲ့ အတိတ်ကဒဏ္ဍာရီကို မေ့ပစ်လိုက်ပါ။ ဒီနေ့လူငယ်တွေဟာ တိုးတက်တဲ့အမြင်နှင့် ငွေဝင်လမ်းဖြောင့်မယ့် စီးပွားရေးလမ်းကြောင်းတွေဆီ အမြန်ဆုံးလိုက်နေတာကို မျက်စိဖွင့်ကြည့်လိုက်ပါ။

mgyoe.com

 mgyoe.com SAMPLE BOOK 

လက်ရှိ ကျောင်းသင်ပညာရေးစနစ်က ရေရှည်မှာ အကျိုးမပြုနိုင်တာတွေကို အောက်ပါအတိုင်း တွေ့ရပါလိမ့်မယ်။

၁။ **ဝင်ငွေနည်းမှု။** သာမန်ပညာတတ်ဖြစ်ရုံနှင့် ဝင်ငွေမကောင်းနိုင်ပါဘူး။ အိမ်တစ်လုံး ဝယ်နိုင်မှာ မဟုတ်သလို၊ သားသမီးတွေရဲ့ ပညာရေးစရိတ်ကို ဖူလုံအောင် မရပါဘူး။ အငြိမ်းစားယူချိန်နှင့် မမာမကျန်း ဖြစ်တဲ့အချိန်တွေအတွက် ငွေ မစုနိုင်သလို၊ ကြီးမြင့်လာတဲ့ စားဝတ်နေရေး စရိတ်တွေကြောင့် ဝင်ငွေနှင့်ထွက်ငွေ မမျှတာ ကြုံရပါလိမ့်မယ်။

၂။ **ရာထူးတက်မှု။** ကိုယ့်ထက်အသက်ငယ်တဲ့လူတွေက ခေတ်မီပညာတွေနှင့် ကိုယ့်ကိုကျော်တက်ပြီး ရာထူးကြီးတွေရသွားကြတာ တွေ့ရမယ်။ ကိုယ့်ကြီးကြပ်ရေးမှူးဆိုသူဟာ ကိုယ့်ထက် လုပ်သက်နုတာ၊ ဒါမှမဟုတ် တခြားကုမ္ပဏီက ငှားခန့်တာမျိုးတွေလည်း ကြုံရမယ်။

၃။ **ကျွမ်းကျင်ပညာ ခေတ်နောက်ကျမှု။** ခင်ဗျားအနေဖြင့် ကျွမ်းကျင်မှုတစ်ခုခု ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမယ့် နောက်ဆုံးပေါ်နည်းပညာတွေမတတ်တာကြောင့် လုပ်ငန်းခွင်မှာယှဉ်တဲ့အခါ မျက်နှာငယ်ရဖို့ပဲ ရှိပါတယ်။

၄။ **နံရံမှားပြီး လှေကားထောင်မှု။** ကိုယ်က အသက်မွေးဝမ်းကျောင်းဘဝကို ဂရုတစိုက် ရွေးချယ်စီစဉ်ခဲ့သလို၊ ကုမ္ပဏီတစ်ခုမှာ ပုံအပ်ခဲ့တယ်။ ကိုယ့်လှေကားက တောင့်တယ်၊ ခိုင်တယ်ဆိုပေမယ့်၊ ကိုယ်မီလိုက်တဲ့ကုမ္ပဏီ၊ လုပ်ငန်းဌာနက ယိုင်နဲ့နေတော့ ကိုယ်လည်း ပြိုလဲသွားရတာပေါ့။

၅။ **လစာနည်းပေမယ့် အလုပ်ကိုတွယ်တာနေခြင်း။** ကိုယ်လုပ်ရတဲ့အလုပ်ပေါ်မှာ နှစ်သက်မြတ်နိုးနေပေမယ့် လစာက နည်းနေတယ်။ ဒီတော့ မိသားစုအားလုံး ဒုက္ခရောက်ကုန်ရတာပေါ့။ လက်ရှိဘဝ အဆင်မပြေတဲ့အပြင်၊ နောင်ရေးလည်း စိတ်မအေးရပါဘူး။

mgyoe.com

 SAMPLE BOOK 

၆။ **လခကောင်းပြီး မကြိုက်တဲ့အလုပ်။** ဒီလိုလူစားတွေကတော့ ကျားမြီးဆွဲမိတဲ့ လူတွေပါပဲ။ စားရမှာလည်း သဲနှင့်ရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီတဝင်းဝင်းဆိုတဲ့အဖြစ်မျိုး တိုးနေရသူတွေပေါ့။ မိသားစုအတွက် ငဲ့ရတာတစ်မျိုး, အငြိမ်းစားယူချိန် နီးနေပြီဆိုပြီး တစ်ဖုံနှင့် ဘဝကို အနစ်မွန်းခံ ပေကတ် လုပ်နေကြရှာပါတယ်။ ဒီအထဲမှာ ငွေရရင် ပြီးရောဆိုပြီး ကြေးစားဆန်ဆန် လုပ်နေရသူတွေ, စိတ်မပါဘဲ လုပ်နေရသူတွေ, ရိုးရာစွဲအရ ဝန်ထမ်း သားသမီး ဝန်ထမ်းဖြစ်ရသူတွေလည်း ပါပါတယ်။

၇။ **လခလည်းနည်း, အလုပ်လည်းမကြိုက်။** ပညာရေးစနစ်ရဲ့ အဆိုးရွားဆုံးဒဏ် ခံရသူတွေပေါ့လေ။ ကံမကောင်းစွာနှင့် ဒီအုပ်စုမှာ လူအများဆုံးပါနေကြတာပါပဲ။ သူတို့ဟာ လုပ်ရင်းနှင့်မြုပ်ပြီး စေကျွန်တွေသာသာလေးပဲ ရှိကြတယ်။ (ကျွန်တော့်စာအုပ်က ဒီအုပ်စုကို အဓိကသင်ကြားပေးဖို့ ရည်ညွှန်းပါတယ်။)

၈။ **လန်းဆန်းတက်ကြွနေသူများ။** ရာထူးမတက်, အိပ်မက်တွေ ချက်ချင်းအကောင်အထည်မပေါ်လာလို့ ဘဝဟာ ညည်းငွေ့စရာဖြစ်လာတယ်။ စိတ်မရှည်တော့တဲ့အဆုံး ကျောင်းပြန်တက်ဖို့ ဆုံးဖြတ်မိတယ်။ ဒီတော့လည်း ဘွဲ့လက်မှတ်တွေ, ဒီဂရီတွေ တစ်ထပ်ကြီးပိုက်ပြီး စိတ်ပျက်လက်မှိုင်ချနေရတဲ့ ဘဝတွေပေါ့။

၉။ **အနာဂတ်ကို ထိထိုးသူများ။** အဲ့ဒီအုပ်စုကတော့ ငွေကြေးစီမံကိန်းကို ကံစမ်းမဲဖြစ်တဲ့ ထီတွေ, မြင်းပွဲတွေ, ကက်ဆီနိုလောင်းကစားဝိုင်းတွေမှာ အစပျိုးလိုက်ကြတယ်။

'တစ်နေ့တော့ ဖြစ်လာမှာပါဆိုပြီး ကံကိုယုံ လူလုံးပုံလို့ အလိုက်သင့်မျှောလိုက်နေသူတွေလည်း ဒီအုပ်စုထဲ ထည့်ရမှာပါပဲ။ စီးပွားရေးအဆင်မပြေကြသူတွေဟာလည်း ကံသမားတွေအဖြစ်နှင့် လောင်းကစားဝိုင်းရောက်ကုန်ကြတာ များပါတယ်။ သူတို့နိဂုံးကတော့ မလှမပ ဘဝပျက်ရတာပါပဲ။

mgyoe.com

**၁၀။ ဒုစရိုက်သမားဘဝ။** လမ်းပေါ်မှာ ဒုစရိုက်ကောင်တွေရှိသလို ကော်လာဖြူ -ဒုစရိုက်သမားတွေလည်း ရှိပါတယ်။ ကော်လာဖြူတွေက ခေတ်ပညာတွေ ဖြစ်သလို၊ အရေးပါတဲ့ စီးပွားရေးလုပ်ငန်းတွေနှင့် အစိုးရဌာနတွေမှာ ဝင်လုပ်နေကြတဲ့ လောဘအိုးတွေပါပဲ။ ၁၉၈၀ ပြည့်လွန်နှစ်များမှာ Jimmy Swaggart နှင့် Jim Bakker တို့လို ကလိန်ကကျစ်သမားတွေ ပေါ်ထွန်းခဲ့သလို၊ ဘာသာရေးနယ်ပယ်နှင့် အနုပညာလောကမှာတောင် သူတို့လိုလူစားတွေ ထင်ရှားခဲ့ကြပါသေးတယ်။ သူတို့က လုပ်ရဲသလောက် ထောင်ကျခံဖို့လည်း ဝန်မလေးပါဘူး။ သူတို့ကို လူကောင်းသူကောင်းတွေ အားကျမှာပဲ စိုးရပါတယ်။ ဒါပေမယ့် ငွေကို ဖြတ်လမ်းနည်းနှင့် ရှာသူတွေ နည်းသေးတာကြောင့် ဖြေသာပါသေးရဲ့။ အဲ–ဒီနေ့ ပညာရေးစနစ်အရ ဒုစရိုက်မှုတွေ ပေါလာမယ့်အရေး တွေးပူရတာကို ဒီစာအုပ်ဖတ်ရင်းနှင့် သိလာပါလိမ့်မယ်။

**၁၁။ အသက်ကြီးလာချိန်၌ ရွေးချယ်ခွင့်မှေးမှိန်လာမှု။** ဒီပြဿနာကတော့ ပညာရေးရဲ့ ရေရှည် အကျိုးသက်ရောက်မှုပါပဲ။ အသက်ကြီးလာလေ ပြဿနာက ပိုကြီးလာလေ ဆိုပါတော့။ ခေတ်ကာလအလျောက် လွတ်လပ်စွာရွေးချယ်ခွင့်တွေ ပိုများလာတဲ့တိုင်အောင် သက်ကြီးရွယ်အိုတွေ အဖို့တော့ ပိုပြီး ကျဉ်းကျပ်လာရပါတယ်။ စားဝတ်နေရေးစရိတ်တွေက သူတို့အတွက် ပို ကြီးလေးလာပါတယ်။ ဆေးကုသတဲ့ စရိတ်တွေကလည်း သူတို့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာပါတယ်။ အစစအရာရာ ဈေးတွေ တက်လာတာနှင့်အမျှ သူတို့ ပို ဒုက္ခရောက်ရတော့တာပဲပေါ့။

**၁၂။ ဗိမ်ခံလူတန်းစား။** ဒီလူတွေမှာတော့ ငွေရောအချိန်ရော ပေါပေါများများ ရှိနေကြလေရဲ့။ သူတို့က အသက် ၅၀ ကျော်လေးတွေသာရှိပြီး၊ အမေရိကန်တစ်ပြည်လုံး ချမ်းသာမှုရဲ့ ၇၀ ရာခိုင်နှုန်း (၇ ထရီလီယန်လောက်)ကို ပိုင်ဆိုင်ထားကြပါသတဲ့။ သူတို့ဟာ ရောမလုပ်ငန်းစုကြီးတွေနှင့် ဝင်ငွေကောင်းသလောက် ဘဝကောင်းကို ရထားကြပါတယ်။ အလှူအတန်း

mgyoe.com

လည်း ရက်ရောကြပါတယ်။ သူတို့ဟာ စီးပွားရေးပညာကို တတ်ကျွမ်းနားလည်ပြီး ငွေရှာတတ်သူတွေပါပဲ။

၁၃။ **သားသမီးများမှတစ်ဆင့် ဘဝကို ထူထောင်ခြင်း။** မိဘအတော်များများ သူတို့ကိုယ်တိုင် မအောင်မြင်ကြရာက သူတို့သားသမီးတွေ ဘဝအောင်မြင်ရေးအတွက် ဖိအားပေးလေ့ ရှိပါတယ်။ သူတို့ ချွတ်ယွင်းပျက်ကွက်ခဲ့ကြတာတွေ လုပ်ဖို့ပဲပေါ့။ ဒီဖိအားတွေ များလွန်းလာတဲ့အခါ ကလေးတွေက ပုန်ကန်ကြတော့တာပါပဲ။ သူတို့ဟာ သူတို့ဘဝ သူတို့ စိတ်ကြိုက်ဖန်တီးခွင့်မရဘဲ၊ မိဘတွေအလိုကျ မိဘတွေရဲ့အိပ်မက်တွေကို ပုံဖော်ပေးရတာကိုး။ ဒီလိုနှင့် ဘဝင်မကျ ဖြစ်ကုန်ရပြီး ကိုယ့်ကိုယ်ကိုဖျက်ဆီးတဲ့ လမ်းများတွေ ရောက်ကြရသလို၊ ဆေးသမား, ဒုစရိုက်သမားတွေ ဖြစ်ကြရပြန်ပါတယ်။ သူတို့တတ်ထားသမျှ ပညာခံတွေကလည်း ထွက်ပေါက်မပေးနိုင်ကြတော့ ပိုဆိုးတာပေါ့။

၁၄။ **အလုပ်ကိုချစ်၍ ဝင်ငွေကောင်းသူများ။** သူတို့က လူနည်းစုလေးသာ ဖြစ်ပေမယ့်၊ တစ်နေ့တခြား တိုးပွားကြီးထွားလာတဲ့ အုပ်စုပါ။

သူတို့ကို "ပိုက်ဆံများများရလို့ အလုပ်ကို ချစ်တာလား" လို့ မေးရမှာပါ။

"ငွေဝင် လမ်းမဖြောင့်ရင်ကော ဒီအလုပ်ကို ဆက်လုပ်မှာလား" မေးရင်ကော သူတို့ ဘာဖြေကြမလဲ။

"ဟုတ်ကဲ့" လို့ ဖြေမယ့်လူ နည်းနည်းပဲ ရှိပါလိမ့်မယ်။ ဒီ့အပြင် "ဘယ်သူက အလကားလုပ်နိုင်ပါ့မလဲ" လို့တောင် စောဒကတက်ကြလိမ့်ဦးမယ်။

အခုတင်ပြခဲ့တဲ့ အချက် ၁၄ ချက်ဟာ ဖြုန်းခနဲတော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါတွေက ဘဝပြဿနာရဲ့ အရင်းခံအချက်တွေလို့တော့ မဆိုနိုင်သလို၊ လူဦးရေများလာတဲ့ သဘာဝအကျိုးဆက်တွေလို့လည်း မပြောသာပါဘူး။ အမှန်

mgyone.com

 mgyoe.com SAMPLE BOOK 

တော့ ဒီပြဿနာတွေဟာ အစဉ်အဆက်အားဖြင့် မှားယွင်းခဲ့တဲ့ ရိုးရာယုံကြည်ချက်တွေနှင့်သာ ဆိုင်ပါတယ်။

ကျွန်တော်တို့လက်ထက်မှာ အောင်မြင်စွာ ရှင်သန်နေထိုင်ရေးဆိုတာ ယုံကြည်ချက်နှင့် ကျွမ်းကျင်ပညာတွေသင်ပေးဖို့ အားနည်းရင် ပညာရေးဆိုတာလည်း အဓိပ္ပာယ်မရှိတော့ပါဘူး။

ကျွန်တော်တို့ရဲ့ အောင်မြင်ပျော်ရွှင်ရေးဟာ ဘဝပေးလက်ဆောင်တွေပါ။

ဒီလက်ဆောင်တွေရယူဖို့ ကျွန်တော်တို့မှာ အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုတွေတော့ ထက်ထက်မြက်မြက်ရှိထားဖို့ လိုပါတယ်။

ပညာရေးစနစ်ညံ့ဖျင်းရင်တော့ ဒီလက်ဆောင်တွေ လက်လွှန်ကုန်ပြီး ပူဆွေးသောကတွေ ရောက်ရုံပဲ ရှိပါလိမ့်မယ်။

ဒီအတွက် ကျွန်တော်တို့က ခေါင်းထောင်ကြည့်ပြီး၊ 'ငါတို့ဘာတွေ သင်ခဲ့သလဲ။ ဘာတွေတတ်ကျွမ်း နားလည်သလဲ' ဆိုတာ ဆန်းစစ်ရင်း ပိုကောင်းတဲ့နည်းကို အားတက်သရော ရှာဖွေရပါတော့မယ်။

## ၁၁
## ဖြေတွေ ရှိပြီး
## သား

ဒီနေ့ခေတ်ကမ္ဘာကြီးရဲ့ပညာရေးဟာ အကျိုးကျေးဇူးကြီးမားမှုတွေကို ဘယ်သူမျှ သံသယမေးခွန်း မထုတ်ကြပါဘူး။

အထူးသဖြင့် နည်းပညာပိုင်းမှာ ခေတ်ရှေ့ပြေးနေသလို၊ ကျွန်တော်တို့ရဲ့ ဘဝအဆင့်အတန်းကို ဘယ်တုန်းကနှင့်မျှမတူအောင် မြှင့်တင်ပေးနေတာပဲ မဟုတ်လား။

လူ့ရဲ့ခန္ဓာဗေဒနှင့် ဆေးပညာ လေ့လာသုတေသနပြုချက်တွေအရ ပျမ်းမျှ သက်တမ်းထက် ကျော်လွန်ပြီး၊ အဘိုးအဘွားတွေရဲ့ အသက် ၂ ဆမက ရှည်အောင် ဆွဲဆန့်နိုင်ခဲ့ကြပါတယ်။

mgyoe.com

SAMPLE BOOK

ချက်ရေးပြုတ်ရေး, လျှော်ဖွပ်ရေး, သန့်ရှင်းရေးကအစ အိမ်ဖာပရိဘောဂစီစွ တွေမှာလည်း ခေတ်မီစက်ကိရိယာတွေနှင့် အချိန်တိုလေးအတွင်း ပြီးမြောက်အောင် ကြံဆောင်နိုင်ခဲ့ကြပါပြီ။

ပြဿနာက လူနေမှုဘဝတွေနှင့် နည်းပညာတွေ ဘယ်လိုပဲ ဆန်းသစ်ပြောင်းလဲခဲ့ပေမယ့်၊ ပညာရေးစနစ်ကတော့ ဒုံရင်းအတိုင်း ငုတ်တုတ်ကြီး ကျန်နေခဲ့တာပါပဲ။ ဒါဟာ ရေသိုးကန်ကြီးထဲက ပိုးမွှားပေါင်းစုံနှင့် ရောဂါဆိုးတွေ ဖြန့်ဝေပေးနေတာနှင့် မခြားပါဘူး။

အပြုသဘောဆောင်တဲ့ဘက်က ကြည့်မယ်ဆိုရင် ပညာရေးဟာ ပြောင်းလဲဖို့အတွက် အဆမတန် ဖိအားပေးနေတယ်လို့ ပြောရမှာပါပဲ။ အချိန်မီ မပြောင်းလဲရင်တော့ ကျွန်တော်တို့ဒုက္ခတွေ ပိုများလာပြီး ဘဝတွေ အဝိစိကျတာထက် ဆိုးသွားနိုင်ပါတယ်။ ဆူပူမှုတွေ, စီးပွားရေးမတည်ငြိမ်မှုတွေ မကြုံခဲ့ဘူးတဲ့ ကျွန်တော်တို့ နိုင်ငံမှာ အနာဂတ်အမှောင် ချောက်ကမ်းပါးကြီးထဲ ကျသွားတော့မှာပါပဲ။

ဒီတော့ ကျွန်တော်တို့ အမှားတွေကို ပြန်သုံးသပ်ဆင်ခြင်ပြီး မှန်တာတွေပဲ လုပ်ရပါတော့မယ်။ ကိုယ့်ကိုယ်ကို နှိပ်စက်ရာရောက်တဲ့ ကန့်သတ်ဖုံးကွယ်ထားတာတွေကို ဖော်ထုတ်ရှင်းလင်းပစ်လိုက်ရင်တော့ အောင်မြင်ချမ်းသာမှုတွေ ပေါ်ထွန်းလာမှာ မလွဲပါဘူး။

ငွေနှင့်ပတ်သက်လို့ အသိတွေ, သတိတွေ ရှိချင်တယ်ဆိုရင်၊ ကိုယ့်မှာ ဒီ့ထက်မက ချမ်းသာပြီး ပျော်ရွှင်နိုင်တယ်လို့ ယုံကြည်ရင် ဒီစာအုပ်ကို ဆက်ဖတ်ပါ။

ကိုယ့်ရင်သွေးတွေနှင့် သူတို့အနာဂတ် ကောင်းစားတာကိုမြင်ချင်ရင် ဆက်ဖတ်ပါ။

ရှေ့ဆက်ဖတ်ရမယ့် စာမျက်နှာတွေက ခင်ဗျားကို အံ့သြပြီး တုန်လှုပ်ကြက်သီးထသွားစေလိမ့်မယ်။ စိတ်ကူးယဉ်အိပ်မက်တွေနှင့် ကိုယ့်အစွမ်းသတ္တိတွေကို ရာနှုန်းပြည့်ဖော်ထုတ်နိုင်တဲ့ အဖြေတွေလည်း တွေ့ပါလိမ့်မယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

- ဘဝဟောင်း လမ်းဟောင်းကိုကျော့ခိုင်းလို့ လမ်းကြောင်းအသစ်နှင့် ဘဝသစ်ကို စ,လိုက်ပါ။

ဒီအခန်းအစမှာ ဖော်ပြထားတဲ့ အဆိုအမိန့်ကောက်နုတ်ချက်အတိုင်း ကလေးဘဝက စိတ်ညို့ခံရလို့ မိန်းမောနေတဲ့ဘဝကနေ နိုးထပြီး အသိဉာဏ် ရွှေတံခါးကြီး ဖွင့်လိုက်ပါတော့။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် အသိကြွယ်ရတဲ့
အကြောင်းရင်းက
အမှားတွေ အများကြီး
လုပ်ခဲ့မိလို့ပါပဲ။
R. Buckminster Fuller

mgyoe.com

mgyoe.com SAMPLE BOOK

# ၂

## အကြီး
## ဆုံး အ
## မှား

အထက်တန်းကျောင်းထွက်ကတည်းက ကွဲကွာခဲ့တဲ့ အတန်းဖော်သူငယ်ချင်း ဂလင်းနှင့် မကြာခင်က တွေ့ခဲ့ရပါတယ်။ သူနှင့် ရှေးဟောင်းနှောင်းဖြစ်တွေ အပါအဝင် စကားလက်ဆုံပြောမကုန်အောင်ပဲပေါ့။

ဂလင်းဟာ ကျောင်းမှာတော့ ပညာထူးချွန်တဲ့ လူတော်တစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူ တက္ကသိုလ်က ဘွဲ့ရပြီးတဲ့နောက် ပြည်နယ်အစိုးရလက်အောက်မှာ အလုပ်ဝင်ခဲ့တယ်။ အစပထမ သူ အလုပ်ထဲမှာ ပျော်ခဲ့ပေမယ့်၊ အခု အသက် ၄၂ အရွယ်မှာ အလတ်တန်းစားအုပ်ချုပ်ရေးအရာရှိအဖြစ်မှာ သောင်တင်နေခဲ့ပါသတဲ့။ အလုပ်ပြုတ်မှာ ကြောက်ရတဲ့တိုင်အောင် လခက မလောက်မငနှင့်။ တိုးရဖို့လည်း မျှော်လင့်ချက်မရှိတဲ့ အခြေအနေ။'

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က အိမ်ကလေးတစ်လုံး ဝယ်ထားနိုင်ခဲ့တယ်ဆိုပဲ။ ဒီနေ့ဆိုရင်တော့ အဲ့ဒီအိမ်လေးမျိုးတောင် ဝယ်နိုင်တော့မှာမဟုတ်ဘူးလို့ ပြောတယ်။ မိသားစုကြီးလာသလို အိမ်ကြီးအိမ်ကောင်း ဝယ်နိုင်ဖို့ဆိုတာလည်း အလှမ်းဝေးနေခဲ့ပါပြီ။

သူက ကျွန်တော့် အလုပ်အကိုင်အခြေအနေကို မေးတယ်။ သူ စိတ်မကောင်းဖြစ်မှာစိုးတာနှင့် အမှန်အတိုင်းဖွင့်ပြောဖို့ နှုတ်လေးနေမိခဲ့ရပါတယ်။ နောက်ဆုံး ငွေရေးကြေးရေး မပူပင်ရတော့တဲ့ဘဝနှင့် ဘာမှမလုပ်ဘဲ ထိုင်စားလို့ ရနေပြီဆိုတာလောက်ပဲ အသိပေးလိုက်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါတောင် ဂလင်းဟာ စိတ်ထိခိုက်သွားသလို ငိုင်တွေသွားတယ်။ ပြီးတော့

"ငါတော့ နားမလည်နိုင်အောင်ပဲကွာ။ မင်းက ကျောင်းတုန်းက အတန်းလူရှင်တော်ဖြစ်ပြီး၊ အမှတ်တွေလည်း သိပ်မကောင်းတာ ငါမှတ်မိတယ်"

"အေး။ လောလောဆယ် ငါ့ဘဝကို ငါ ကျေနပ်ပျော်ရွှင်နေရတာကတော့ ငွေသောကကင်းတာပဲ ဖြစ်တယ်။ ဒီဘဝရောက်ရတဲ့ အဓိကအချက်ကတော့ 'ဘယ်လိုရှုံးရမယ်'ဆိုတာကို သင်ခဲ့လို့ပဲကွ။ ငါ ကြီးပွားတိုးတက်ခဲ့ရတာလည်း အရှုံးထဲက အမြတ်ထုတ်နိုင်လို့ပဲပေါ့"

ဂလင်းက ကျွန်တော့်ကို အူကြောင်ကြောင်ငေးနေတယ်။

ကျွန်တော် အလေးအနက်ပြောနေတာလား။ ကျောင်းတုန်းကလို နောက်ပြောင်နေတာလား။ ဝေခွဲမရဘဲ တွေးနေတဲ့ပုံပါပဲ။

"မင်း ကျောင်းတုန်းက အမှန်တွေ အများဆုံးဖြေနိုင်ခဲ့လို့ A အဆင့်၊ B အဆင့်တွေ ရခဲ့တာမဟုတ်လား"

"ဟုတ်တယ်။ အဲဒါ ဘာဖြစ်လဲ"

"ခု ဒီနေ့ အဲ့ဒီအဖြေမှန်တွေကို မှတ်မိသေးရဲ့လား"

"ဟင့်အင်း။ အတော်များများ မေ့ကုန်ပြီ"

"ဒါဖြင့် တစ်ချိန်ကျရင် မေ့မယ့်အဖြေတွေကို တဒင်္ဂမှတ်မိရုံနှင့် ဆုချခံခဲ့ရတယ် ဆိုပါတော့"

"အေးလေ"

"မင်း ဘာကြောင့် အမှားတွေလုပ်မိတယ်ဆိုတာကော အဖြေ မထုတ်မိခဲ့ဘူး မဟုတ်လား။ တို့ပညာရေးစနစ်က ကျောင်းသားတွေကို အမှားထဲကနေ သင်ခန်းစာယူတတ်အောင် သင်မပေးနိုင်ဘူး။ 'မှားတာ တော်တော်ဆိုးတယ်' လို့သာ ယုံကြည်ခိုင်းခဲ့တယ်။ တကယ့်ပညာသင်ကြားမှုမှာ အမှားတွေဟာ မဖြစ်မနေ လိုအပ်တာပဲ။ လူတစ်ယောက်ဟာ ပထမတစ်ကြိမ်တည်းနှင့် အဖြေမှန်ရဖို့ ခဲယဉ်းတယ်။ ပညာအစစ်က အပြစ်နှင့် အမှားတွေထဲမှာ ရှာရတာကွ"

သူက စိတ်ဝင်တစားနားစွင့်နေလို့ ကျွန်တော် ဆက်ပြောမိပါတယ်။

"စက်ဘီးစီး သင်သလိုပေါ့ကွာ။ သင်သင်ချင်း တက်စီးတတ်တာမှ

မဟုတ်ဘဲ၊ တဘိုင်းဘိုင်းလဲပြီးမှ မယိုင်မလဲအောင်ထိန်းပြီး နင်းတတ်တာပဲဥစ္စာ။ ဒူးတွေ ပွန်းပဲ့သွားပေမယ့် နာရကျိုး နပ်ပါတယ်။ ဖြောင့်ဖြောင့်မတ်မတ်နင်းတတ်တော့လည်း လိုရာခရီး အရောက်သွားနိုင်တယ်။ အထွေအထူးစဉ်းစားနေစရာ မလိုတော့ဘူး။ ဒီနည်းက အချိန်ကုန်လူပန်းဖြစ်ရပေမယ့် ပျော်စရာကောင်းပြီး ကျေနပ်ဝမ်းမြောက်မှုရတယ်။ သင်ပြီးရင်းသင်ချင်ရင်း ဖြစ်လာတယ်။ တစ်ခုခုကို အမှန်တကယ်တတ်သွားတာနှင့် နယ်ပယ်ချဲ့ထွင်နိုင်ပြီး အကြီးကျယ်ဆုံးပီတိကို ရတော့တာပေါ့”

ပြီးတော့လည်း တစ်ဆက်တည်း

“ဒီနေ့ အတန်းထဲဝင်သွားရင် ရင်ခုန်စိတ်လှုပ်ရှားမှု သိပ်ရှိမှာ မဟုတ်ဘူး။ ငြီးငွေ့ကြောက်ရွံ့မှုတွေပဲ ကြုံရမယ်။ ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးတွေ, အသိပညာတိုးပွားလိုတဲ့ စိတ်တွေ, အသစ်အဆန်းကိုရှာတွေ့လို့ ရွှင်မြူးဝမ်းသာမှုတွေ ဘာမျှ မရှိပါဘူး။ ဟောင်းနွမ်းမှုတွေက သူတို့လည်ချောင်းဝမှာ တစ်ဆို့ပြီး ပျို့တက်နေတာပဲ။ ဒီ့အပြင် ကျောင်းသားအများစုဟာ တစ်ချိန်လုံး ‘မှန်ဖို့’ချည်း အမောင်းခံနေရတာမို့ စိတ်ဖိစီးမှုဒဏ် ခံစားနေရတယ်။ သူတို့အဖို့ ပညာသင့်ဖို့ စိတ်လှုပ်ရှားနေရမယ့်အစား မှားမှာကြောက်တဲ့စိတ်တွေ ဖိစီးခံနေရတယ်။ ကံဆိုးလှစွာနှင့်ပဲ အဲ့ဒီအကျင့်ကြီးက ကျောင်းစာသင်ခန်းထဲသာမက ကြီးပြင်းလာတဲ့ ဘဝအထိတောင် စွဲပါလာတာပါပဲ”

“မင်းပြောတာက ဒီကြောက်စိတ်က တစ်ကိုယ်ရေပျော်ရွှင်မှုနှင့် စီးပွားရေးအောင်မြင်မှုရဖို့, မိသားစုဘဝ ထူထောင်ဖို့တွေမှာတောင် လာပြီး ပိတ်ပင်တားမြစ်ရာရောက်တယ် ဆိုပါတော့”

“အမှန်ပဲ။ အခု မင်းကလေးတွေကလည်း အောင်မှတ်အဆင့်ကောင်းကောင်းရမှ အလုပ်ကောင်းကောင်းရမယ်ဆိုပြီး အဖြေမှန်ဖို့ပဲ ကြိုးစားနေရတယ်။ တို့တစ်နိုင်ငံလုံးဟာလည်း အဖြေမှန်ဖို့ အပေါ်မှာပဲ အသည်းအသန်ယုံကြည်ဖို့ ဦးနှောက်ဆေး ခံထားရတယ်။ အဖြေမှားတာဟာ မိုက်မဲရာရောက်ပြီး ‘လူညံ့’လို့ အခေါ်ခံရတော့တာပဲ။

“တို့ အမေရိကန်နိုင်ငံရဲ့ပညာရေးစနစ်က မင်းမသိတာတွေကို ရှုံးစမ်း

mgyoe.com

 SAMPLE BOOK 

မေးမြန်းရမယ့် အရေးကြီးတဲ့ဖြစ်စဉ်ကို ဖယ်ထုတ်ထားတယ်။ မသိတာကိုတွေ့မှ အသိဉာဏ် တိုးမှာပေါ့။ လူတွေကို မှားလို့ဆိုပြီး အပြစ်ဒဏ်ပေးတာဟာ အသိကန်းအောင် လုပ်တာနှင့် မခြားဘူး။ သင်ကြားမှုရဲ့အခြေခံဟာ 'အမှားလုပ်ပြီး မသိတာတွေသိလာရာက ဒီအမှားတွေ ပြင်ဖို့ပဲ' "

ကျွန်တော်တို့ ပညာရေးစနစ်က စက်ဘီးစီးတတ်ဖို့ စာတွေနှင့် နာရီပေါင်းများစွာသင်။ အစမ်းစာမေးပွဲ ဖြေ။ ပြီးတော့မှ ညံ့သွားရင် အပြစ်ပေးတယ်။ လက်တွေ့သင်တာ ဘာမျှမပါဘူး။

မမှားသင့်ဘူးဆိုတဲ့ ယုံကြည်ချက်ကို ရိုက်သွင်းပေးရာက ကျောင်းသားတွေရဲ့ ဉာဏ်စွမ်းဉာဏ်စတွေနှင့် အစစ်အမှန်ပညာသင်ယူမှုကို အညွန့်ချိုးပစ်လိုက်တယ်။

ကမ္ဘာပေါ်က မဟာပညာကျော်ကြီးတွေ, အနုပညာသမားတွေ, သိပ္ပံပညာရှင်တွေ, စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ, ဂီတဝိဇ္ဇာဆရာကြီးတွေရဲ့ဘဝမှာ အမှားတွေ ပြည့်နေခဲ့တာပဲ။ ဒါပေမယ့် သူတို့က အမှားထဲက အမှန်ကိုရှာပြီး ကောင်းသထက်ကောင်းအောင် ကြိုးစားခဲ့ကြတာကလား။

သောမတ်အယ်ဒီဆင်ပဲ ကြည့်။ သူ့ကို ဉာဏ်ထိုင်းတယ်ဆိုပြီး ကျောင်းက ထုတ်ပစ်ခဲ့တယ်။ နောက်ပိုင်းမှာ လျှပ်စစ် မီးလုံးကို တီထွင်နိုင်ခဲ့တယ်။ သူဟာ အကြိမ်ပေါင်းများစွာ ဆုံးရှုံးခဲ့ပြီးမှ အောင်မြင်မှုရခဲ့တာလည်း ဖြစ်ပါတယ်။ သူ့အပြောအရဆိုရင်

"ကျုပ် အကြိမ်ပေါင်း ၉၉၉၉ ရှုံးနိမ့်ခဲ့တာ မဟုတ်ပါဘူး။ ၉၉၉၉ကြိမ် မဖြစ်ခဲ့တဲ့အကြောင်းရင်းကို အောင်အောင်မြင်မြင် ဖော်ထုတ်ခဲ့တာပါ"တဲ့။

ဟုတ်ပါတယ်။ တီထွင်သူတွေဟာ လောကကြီးကို အကျိုးပြုခဲ့တဲ့ ကျေးဇူးရှင်တွေဖြစ်ပြီး၊ သူတို့ဟာ အမှားလုပ်ရမှာကြောက်ရင် ဘာမျှဖြစ်လာမှာ မဟုတ်ပါဘူး။

R. Buckminster Fuller ဆိုတာ ကမ္ဘာကျော်ဗိသုကာ, သချာပါရဂူ, စာရေးဆရာ, ဒီဇိုင်းပညာရှင်, သိပ္ပံပညာရှင်, တီထွင်သူ, ဒဿနပညာရှင်, စကြဝဠာရဲ့သဘာဝကိုလေ့လာသူ ဆရာကြီးတစ်ဆူ ဖြစ်ပါတယ်။ သူဟာ

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းနေစဉ်တုန်းကတော့ လူညံ့လူဖျင်းစာရင်းဝင်ဘဝနှင့် ပညာရေးစနစ်ဟာ စိတ်ပျက်စရာကောင်းအောင် ဘောင်ခတ်ထားတာကို သိရှိခဲ့သူပါပဲ။

ကျွန်တော်ဟာ ဆရာကြီးနှင့်တွေ့ခဲ့ရာက အများကြီး အကျိုးရှိခဲ့ရပါတယ်။ သူ ကျွန်တော့်ကိုသင်ပေးတဲ့အထဲမှာ 'ပခုံးတို့တာ'နှင့် 'ထရပ်ကားကြီး အကြိတ်ခံရတာ' ဆိုတဲ့ ဒဿနတစ်ရပ် ပါခဲ့ပါတယ်။

"တို့ကို ပခုံးတို့ပြီး သတိပေးတာကို ဂရုမစိုက်ဘဲ လျစ်လျူရှုတာလိုက်ရင်တော့ ကားတိုက်တာ ခံရမှာပဲ။ ပခုံးတို့ အချက်ပြတာက တို့ဘဝမှာ အပြောင်းအလဲလုပ်ဖို့၊ ဒါမှမဟုတ် တို့ရဲ့အသိပညာကို တိုးပွားအောင်ဆည်းပူးဖို့ သတိပေးတာပဲပေါ့။ ဒါကို အချိန်မီမပြင်ရင်တော့ အခက်အခဲ ဒုက္ခတွေတစ်ပုံကြီးနှင့် တိုးမှာ သေချာတယ်။ ဒုက္ခရောက်ပြီးမှတော့ နောင်တရနေလို့ အလကားပဲ"တဲ့။

ကျွန်တော် အသက် ၃၂ နှစ်မှာ ထရပ်ကားကြီးဝင်တိုက်တာ ပထမဆုံး ခံလိုက်ရပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ကုမ္ပဏီမှာ ငွေတွေပျောက်နေတာ သိလိုက်ရပြီး အစည်းအဝေးမှာတင်ပြခဲ့တယ်။ ရှယ်ယာဝင်တစ်ယောက်က 'ဒီကိစ္စကို သူ စုံစမ်းဖြေရှင်းမယ်'လို့ ပြောခဲ့တယ်။ ကျွန်တော်ဟာ ပခုံးတို့လိုက်တာကို ပေါ့ပေါ့တန်တန်သဘောထားခဲ့တာပဲ။

နောက်ဆုံးတော့ ဒီလူဟာ ငွေတွေ အလွဲသုံးစားလုပ် သုံးထားတဲ့လူ ဖြစ်သလို၊ ငွေတွေ အလစ်သုတ်ပြေးရာက ကုမ္ပဏီလည်း ခါးကျိုးသွားရတဲ့ ဇာတ်လမ်း။

အစပိုင်း ၁ နှစ်လောက်တော့ သူ့ကို ကျွန်တော်အပြစ်တင် ကျိန်ဆဲလို့ မဆုံးတော့ဘူးပေါ့။ ကျွန်တော်ကလွဲပြီး ဘယ်သူမှ မယုံရဲလောက်အောင် ဖြစ်ခဲ့တယ်။ ဒါပေမယ့် တစ်နေ့မှာ 'သူ့ကို အပြစ်ဖို့နေရုံနှင့် မပြီးသေးဘူး' ဆိုတာ စဉ်းစားမိတယ်။ ကိုယ့်ချွတ်ယွင်းချက်တွေ ပြန်ရှာတယ်။ နောက်နောင် ကုမ္ပဏီ ငွေတွေမခိုးနိုင်အောင် ကြံတယ်။ ဒီလိုနှင့် ဉာဏ်အလင်း ၂ ချက် ပွင့်သွားတယ်။

၁- ငါ့ထိုးထွင်းဉာဏ်ကို ပိုသုံးဖို့ လိုတယ်။ ဒီလူ မရိုးသားမှန်းသိတဲ့ကြားက သူ့ကို ဆန့်ကျင်ပြောဖို့ သတ္တိမမွေးခဲ့ဘူး။ ငါ သူတော်ကောင်းဆန်ဆန်

သူ့ကိုချဉ်းကပ်ပြီး၊ နားလည်မှုပေးလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။ ဒီနေ့က စလို့ ငါ့ထိုးထွင်းဉာဏ်နှင့် သိမြင်ခံစားချက်တွေကို လက်ကိုင်ထားပြီး စီးပွားဖက်အသစ်ကို ရွေးချယ်မယ်။ သူနှင့် ရိုးသားပွင့်လင်းမှုအပြည့်ရှိတဲ့ ဆွေးနွေးမှုတွေ လုပ်မယ်။ အစစအရာရာ ယုံကြည်မှုရှိမှ ရေရှည်လက်တွဲ သွားလို့ ရမှာပဲ။

၂- ငါစာရင်းကိုင်သင်တန်းတွေ တက်ခဲ့တာမှန်ပေမယ့် ဖတ်စာထဲက သင်ပေးတာလောက်သာ သိတာပဲ။ စီးပွားရေးလုပ်ငန်းမှာ အောင်မြင်ဖို့ ဒီ့ထက်မက လေ့လာသင်ယူရမယ်။ နာမည်ကြီးစာရင်းကိုင်, စာရင်းစစ်တွေကိုခေါ်ပြီး သူတို့ဆီမှာ တကယ့်ဘဝထဲကပညာတွေ သင်ရမယ်။

ဒီအမှားပြင်ချက် ၂ ခုကပဲ ကျွန်တော့်ကို ဒေါ်လာသန်းချီချမ်းသာစေတဲ့ လုပ်ငန်းရှင်ဖြစ်အောင် အရည်အချင်းတွေ ဖြည့်ပေးခဲ့တာပါပဲ။

ခုဆိုရင် ဘယ်အမှားမဆို သတိထားကြည့်မိသလို၊ ကျွန်တော့်ပတ်ဝန်းကျင်ကလူတွေကိုလည်း အမှားတွေလုပ်တာကို အတိုင်းအတာနှင့် လွှတ်ပေးထားတယ်။ အမှားသိမှ အမှန်မြင်ပြီး ပြင်နိုင်မှာကိုး။ အရေးကြီးတာက အမှားကိုအမြန်ဆုံး သိဖို့ရယ်, သိသိချင်း ပြင်ဖို့ရယ်ပါပဲ။

ကျွန်တော့်မိတ်ဆွေလည်း ဖြစ်, ဆရာဆိုလည်းမှန်တဲ့ မာရှယ်ဘာသား ပြောဖူးတာ ရှိတယ်။

"စိတ်အနှောင့်အယှက် ဖြစ်စရာအားလုံးဟာ တစ်ခုခုကိုသင်ကြားဖို့ အခွင့်အလမ်းတွေပါပဲ" တဲ့။

ကလေးတစ်ယောက်ဟာ လမ်းလျှောက်သင်ခါစ ပထမခြေလှမ်း လှမ်းလိုက်ချိန်မှာ လဲကျပြီးငိုမှာပဲ။ သူဟာ စိတ်ပျက်စရာကစပြီး ပညာသင်ရတာပေါ့။

ကျောင်းမှာတော့ 'စိတ်ပျက်စရာဆိုတာ ပညာရှာနည်းရဲ့ တစ်စိတ်တစ်ပိုင်းပဲ'လို့ မသင်ခဲ့ရတဲ့အပြင်၊ 'ဖြစ်ဖို့'ချည်း စဉ်းစားရသလို၊ 'ပျက်ဖို့'ထည့်မတွက်ရဘူး။ ကျွန်တော်တို့ကလေးတွေဟာ 'လဲကျတာ(အမှားလုပ်တာ)ဟာ မနိုင်ဘူး'

mgmg.com

 mgyoe.com SAMPLE BOOK 

ဆိုပြီး သင်ခဲ့ရတာနှင့် လုံးဝ လက်ရှောင်ခဲ့ကြတာပဲ။ ရလဒ်ကတော့ လူသန်းပေါင်းများစွာဟာ ၆ ပြစ်ကင်း သဲလဲစင်တွေဖြစ်ဖို့ ကြိုးစားကြတာပဲပေါ့။ သူတို့က အမြင့်လှသလောက် ဘယ်မျှခရီးမရောက်တဲ့ ကျောက်ရုပ်တွေဘဝ ရောက်ကုန်ကြတယ်။ တစ်နည်းအားဖြင့် တစ်လမ်းသွားတွေ ဖြစ်ကြရတော့တယ်။ စက်ရုံအလုပ်ရုံတွေနှင့် ကုမ္ပဏီတွေမှာ ဒီလိုစက်ရုပ်လူသားတွေ ပြည့်နေတာပါပဲ။

ကျွန်တော်တို့နိုင်ငံတစ်ဝှမ်းမှာ ဘာသာရေးခေါင်းဆောင်တွေ, နိုင်ငံရေးသမားတွေ, ဘဏ်လုပ်ငန်းရှင်တွေအစ လူတွေကို တစ်နည်းမဟုတ် တစ်နည်းနှင့် လှည့်စားနေကြတယ်။ တီဗီကြည့်မယ်ဆိုလည်း လူဆိုးတွေက သူတို့အပြစ်ရှိတာကို ငြင်းချင်ကြတယ်။ လူတစ်ယောက်ဆိုရင် 'တစ်သက်လုံး တစ်ခါမျှ မမှားဖူးဘူး' လို့တောင် ကြွေးကြော်လိုက်ပါသေးရဲ့။

ဒီနေ့ကမ္ဘာမှာ အမှားကျူးလွန်တာဟာ အခွန်ထမ်းပြည်သူတွေရဲ့ သန်းပေါင်းများစွာဒေါ်လာတွေကို လိမ်ဘာ၊ (ဝါ) အခြေခံဥပဒေကို ချိုးဖောက်တာထက် ပိုအပြစ်ကြီးမားနေသလိုပါပဲ။

Buck Fuller က တစ်ခါက ပြောဖူးတယ်။

"အမှားတစ်ခုဟာ ဝန်မခံရင်တော့ အပြစ် ဖြစ်သွားတာပဲ" တဲ့။

'မမှားတဲ့ ရှေ့နေ' ဆိုတဲ့စကားလည်း ရှိသားပေါ့။ လူဆိုတာ မှားတတ်တဲ့သတ္တဝါပဲ။ အမှားကို မှားမှန်းသိပြီး မှားပါတယ်လို့ဝန်ခံတာဟာ သူတော်ကောင်းစိတ်လို့ပဲ ပြောရပါလိမ့်မယ်။

ဘာမျှမလုပ်ရင်တော့ မှားစရာမရှိပါဘူး။ ကျွန်တော်ကတော့ အမှားဆိုတာ အောင်မြင်ရေးလမ်းကြောင်းကိုလျှောက်ရာမှာ သင်ကြားရတဲ့ အဖိုးတန်သင်ခန်းစာပဲလို့ ယူဆပါတယ်။

အဲ့ဒီနေ့ လင်းနှင့် စကားပြောခဲ့ရတာ သူ့အတွက်ရော ကျွန်တော့်အဖို့ပါ အကျိုးရှိခဲ့ပါတယ်။

ကျွန်တော်က သူ့ကို 'အမှားတွေနှင့် အမှားပြင်တာကို လေ့ကျင့်တာ' လို့ အားကစားလောကမှာ ခေါ်ကြောင်း ရှင်းပြခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"လက်တွေ့လုပ်၊ အမှားပြင်၊ ဒါမှ ပြည့်စုံကောင်းမွန်ခြင်းကို ရမယ်" လို့လည်း ပြောမိတယ်။

တခြားလူတွေဆီက ပညာဗဟုသုတတွေ ဆည်းပူးပြီး၊ အမှားလုပ်ဖို့စွန့်စားတဲ့ ကိုလံဘတ်စ်ကို အတုယူကာ သင်ပေးဖို့လည်း အကြံပေးမိတယ်။

ဘွဲ့လွန်ပညာတတ်ကြီးတွေဖြစ်ပြီး ချောင်ပိတ်ခံဘဝမှာ သေနေတဲ့လူတွေ မနည်းပါဘူး။ ကျွန်တော်ကတော့ ကျွန်တော့်ကျောင်းသားတွေကို 'အမှားတွေ လုပ်ရာမှာ မဟာဝိဇ္ဇာဘွဲ့ရတဲ့အထိ ကြိုးစား' လို့တောင် ရယ်စရာမောစရာလုပ်ပြီး သင်ပေးနေတာပါ။

ကျွန်တော်ကိုယ်တိုင်လည်း ချောင်ပိတ်ခံရတဲ့ဘဝမှာ မနေဘဲ ငွေကြေးအရ ဘဝလွတ်မြောက်ရေး ရနေပါပြီ။ ဒါဟာ တခြားလူတွေထက် အမှားတွေပိုလုပ်ခဲ့သလို လူတကာထက် အဖြေမှန်တွေ ဆက်တိုက်ရခဲ့တာကြောင့်ပါပဲ။

ခင်ဗျားကိုယ်ခင်ဗျားလည်း ပြန်မေးလိုက်ပါ။

"ငါ ဆုံးရှုံးမှာ ကြောက်နေတာကြောင့် ငါ့စိတ်ကူးအိပ်မက်ထဲက ဘာတွေ မပြည့်မဝနှင့် ပျက်ပြယ်ခဲ့ရသလဲ" လို့။

အလိုဆန္ဒမပြည့်တဲ့ဘဝဟာ လူဖြစ်ကျိုးနပ်တယ်လို့ မဆိုသာပါဘူး။ ဒီတော့ ခင်ဗျားကိုယ်ခင်ဗျား ပြောင်းလဲလိုက်ပါတော့။

အတိတ်ကအမှားတွေကို သင်ခန်းစာယူ အသုံးချပြီး၊ အိပ်မက်ထဲကဘဝကို တည်ဆောက်နိုင်အောင် ကိုယ့်ကိုယ်ကို ပြင်လိုက်ပါတော့။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်

အလုပ်ကို မနှစ်သက်ပါဘူး။

ဒါပေမယ့် အလုပ်ထဲက အတွေ့အကြုံတွေနှင့်

မိမိကိုယ် မိမိ

ရှာဖွေခွင့် ရတာကိုတော့ နှစ်သက်ပါတယ်။

သင်ဟာ

သင့်ဘဝကို အစစ်အမှန်ပိုင်ဆိုင်ပြီး

ကြိုက်သလို ဖန်တီးနိုင်ပါတယ်။

ဒါကို တခြားလူ ဘယ်သူမျှ

သိမှာ မဟုတ်ပါဘူး။

Joseph Conrad

၁၉၀၂ ခုနှစ်

mgyoe.com

mgyoe.com SAMPLE BOOK

# ၃

## ဘာ
## ဖြစ်ချင်သ
## လဲ

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က လူအစိတ်လောက်တက်တဲ့ ညစာစားပွဲတစ်ခုကို ရောက်ခဲ့ပါတယ်။ ည ၉ နာရီလောက်မှာ အိမ်ရှင်ရဲ့ ၁၀ နှစ်အရွယ် သားလေးက အောက်ထပ်ဆင်းလာပြီး ဂွတ်နိုက်လို့ နှုတ်ဆက်ပါတယ်။ သူ့ဝါသနာနှင့် ကျောင်းအကြောင်း ဝိုင်းမေးကြပြီးတဲ့နောက် ဧည့်သည်တစ်ယောက်က

"ကဲ–သား ကြီးလာရင် ဘာဖြစ်ချင်သလဲ"လို့ မေးပါတယ်။

ချာတိတ်က ပြုံးပြုံးလေးနှင့်

"ကျွန်တော် တွမ်ခရုစ်လို ရေတပ်က တိုက်လေယာဉ်မှူး ဖြစ်ချင်တယ်"လို့ ဖြေပါတယ်။

မေးတဲ့လူက

"ဟာ–ကောင်းတာပေါ့ကွာ"လို့ အားပေးလိုက်ပေမယ့် နောက်ဧည့်သည်တစ်ယောက်က

"အို။ မင်း အဲသလို လေသူရဲ မဖြစ်ချင်ပါနှင့်။ မင်း အန်ကယ်တက်ဒ်လို ဆရာဝန်ကြီး မဖြစ်ချင်ဘူးလား။ မင်းသိတဲ့အတိုင်း ဆရာဝန်ဆိုတာ ငွေတွေ အများကြီး ရတာကွ။ ဒါကြောင့်လည်း မင်းအန်ကယ်တက်ဒ်က ဧရာမတိုက်ကြီးနှင့်ကားတွေ အမျိုးမျိုးစီးနိုင်တာပေါ့"

ဘီလ်ကတော့ သူ့စိတ် သူ သိပါတယ်။

"ကျွန်တော်ကတော့ တိုက်လေယာဉ်က လေသူရဲပဲ ဖြစ်ချင်တယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


"မင်း တကယ်သေချာရဲ့လား ဘီလ်။ တိုက်လေယာဉ်မောင်းတယ်ဆိုတာ အန္တရာယ် သိပ်များတာကွ။ လစာလည်း ကောင်းကောင်းရတာ မဟုတ်ဘူး။ မင်းကျောင်းမှာ အောင်မှတ်တွေကောင်းပြီး ကြိုးစားရင် ဆရာဝန်ဖြစ်မယ်။ ချမ်းသာမယ်"

ကလေးလေးကြည့်ရတာ တွေဝေသွားပုံပါပဲ။

"ဟုတ်ကဲ့။ ဒါဆိုလည်း ဆရာဝန်လုပ်ဖို့ စဉ်းစားရသေးတာပေါ့"

ပြောပြောဆိုဆိုနှင့် အိပ်ရာဝင်ဖို့ ပြန်ပြေးသွားပါတော့တယ်။

ကျွန်တော် ကလေးဘဝတုန်းကလည်း ဘီလ်လိုပဲ ကိုယ်ဖြစ်ချင်တဲ့ဘဝကို စိတ်ကူးယဉ်ခဲ့တာကို အမှတ်ရလိုက်မိပါတယ်။ ကျွန်တော်တို့ရဲ့အိပ်မက်တွေဟာ ကျွန်တော်တို့သိတာထက် အရေးပါပါတယ်။ ဒီအိပ်မက်တွေက ဘဝရဲ့တိုးတက်မှုကို လှုံ့ဆော်ပြီးတွန်းအားပေးတာ ဖြစ်ပါတယ်။ များသောအားဖြင့်တော့ ငွေနှင့်ရာထူးဂုဏ်အဆင့်အတန်းတွေကို ဦးစားပေးစဉ်းစားကြတာပါပဲ။ ဗီဇအရည်အသွေးနှင့် ဝါသနာဆိုတာ နောက်မှာထားလို့။ မမီရင်လည်း ဖွတ်အတင်း မောင်းတတ်ကြတာပါ။

ဒါပေမယ့် အိပ်မက်တွေဟာ ပြောင်းလဲတတ်ပါတယ်။

ခုန သားငယ်ဘီလ်အနေဖြင့်ကော လေသူရဲဖြစ်ချင်တဲ့စိတ် အမြဲရှိပါ့မလား။ ကြီးလာချိန်မှာ စိတ်ပြောင်းချင် ပြောင်းသွားမှာပါ။ အဲ့ဒီအလုပ်ဟာ ဆရာဝန်ထက် သာချင်သာပါလိမ့်မယ်။

ကျွန်တော်ကိုယ်တိုင်လည်း ငယ်ငယ်က စိတ်ကူးယဉ်ကမ္ဘာထဲမှာ ပျော်ခဲ့ဖူးပါတယ်။ သစ်သားလှေလေးတွေနှင့် စွန့်စွန့်စားစား ပင်လယ်ခရီးထွက်ပြီး ကမ္ဘာပတ်ခဲ့တဲ့သူတွေကို အားကျခဲ့သေးတာပေါ့။

ကျွန်တော် အထက်တန်းကျောင်းအောင်တော့ အတိုင်ပင်ခံဆရာမကို သင်္ဘောသားဖြစ်ချင်တဲ့အကြောင်း ပြောမိတယ်။

သူက 'ဒီထက် ပိုသင့်တော်တဲ့အလုပ်ကို မစဉ်းစားတော့ဘူးလား' လို့ တုံ့ပြန်မေးပါတယ်။

mgyoe.com

'သင်္ဘောသားဆိုလည်း အတော်ဆုံးလူဖြစ်အောင် ကြိုးစားရမှာပေါ့'တဲ့။ ပြီးတော့ သင်္ဘောသားတွေနှင့်ပတ်သက်တဲ့ သင်တန်းကျောင်းစာရင်းတွေပါတဲ့ စာအုပ် ထုတ်ပေးပါတယ်။

ကမ္ဘာကြီးဟာ ကျွန်တော့်အတွက် တံခါးဖွင့်ပေးနေသလို၊ လေ့လာဖို့ဆိုတဲ့ ရည်ရွယ်ချက်လည်း သန္ဓေ စတည်ခဲ့ရတယ် ဆိုပါတော့။

၁၉၆၄ ခုနှစ်မှာ ကုန်သွယ်ရေကြောင်းတက္ကသိုလ် တက်ခဲ့မိတယ်။ အသက် ၂၂ နှစ်မှာ ကလေးဘဝကအိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့တာပါပဲ။ တဟီတီကျွန်းကို ရေနံတင်သင်္ဘောနှင့်ရောက်ခဲ့ပြီး၊ အလုအပတွေတစ်ပုံကြီး တွေ့ခဲ့ရပါတယ်။ တတိယကုန်းပတ်အရာရှိအဖြစ် လခကောင်းကောင်းရပေမယ့် ကြာတော့ ဒီအလုပ်ကို ငြီးငွေ့လာပါတယ်။

ဒီလိုနှင့် ရေတပ်ကမ်းတက်တပ်ဖွဲ့ထဲဝင်ပြီး တိုက်လေယာဉ်ပိုင်းလော့အဖြစ် ဗီယက်နမ်စစ်ပွဲ နွှဲခဲ့ရတော့တာပါပဲ။ ကျွန်တော်အနေဖြင့် ဝေဟင်မှာပျံသန်းရတာကို အကြိုက်တွေ့ခဲ့တာနှင့်အမျှ၊ တိုက်ပွဲဝင်ရတာလည်း တခြားလူတွေထက် ပျော်ခဲ့ပါတယ်။

၁၉၇၃ ခုနှစ် ရှေ့တန်းကပြန်လာချိန်မှာ ကျွန်တော်ဟာ အထူးကျွမ်းကျင်တဲ့ စပယ်ရှယ်လစ် ဖြစ်နေပါပြီ။ သို့သော်လည်း သင်္ဘောသားတုန်းကလိုပဲ ငြီးငွေ့လာပြန်ပါရော။

ဒီတွင် 'ကျောင်းမှာသင်ခဲ့ရတဲ့ပညာတွေက တစ်လိုင်းတည်းထူးချွန်တဲ့ စပါယ်ရှယ်လစ်တွေဖြစ်အောင်ပဲ လုပ်ပေးနိုင်ပြီး ဘဝရဲ့အောင်မြင်ကြီးပွားနိုင်စွမ်း ပမာဏကို လျော့ပါးစေတဲ့အချက်'ကို တွေ့လာပါတယ်။

ပါရဂူမြောက်ကျွမ်းကျင်မှုဆိုတာ ကျွန်တော်တို့နိုင်ငံမှာ အသက်မွေးဝမ်းကျောင်းထောင်ချောက်ထဲ တန်းခနဲပစ်ချသလို ကျွန်တော်တို့ရဲ့အိပ်မက်တွေနှင့် လောကကြီးကပေးအပ်တဲ့ အလုံးစုံသော အခွင့်အရေးတွေကို လုယက်ထားလိုက်ရာ ရောက်တာပဲ။

ဒီလိုနှင့် အသက် ၂၈ နှင့် ၄၅ ကြားက သန်းပေါင်းများစွာသော လူတွေဟာ သူတို့လုပ်နေတဲ့ အလုပ်တွေအပေါ်မှာ စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြ

mgronline.com

mgyoe.com
SAMPLE BOOK


ရတော့တာပေါ့။ သူတို့ တစ်ချိန်က စိတ်ဝင်တစားမက်မောခဲ့တာတွေ ပျောက်ပျက်ကုန်တာနှင့်အမျှ သူတို့ဟာ တက်လမ်းမရှိတဲ့ဘဝလမ်းဆုံးကို ရောက်နေမှန်းသိတဲ့တိုင်အောင် ရုန်းမထွက်သာတော့ပါဘူး။

အလုပ် ပြောင်းမယ်ဆိုတော့လည်း လုပ်သက်အနုအရင့် ပြဿနာနှင့်ရင်ဆိုင်လာကြရပြန်ပါတယ်။

လေ့လာမှုတွေအရ သာမန်လူတစ်ယောက်တောင် အနည်းဆုံး အလုပ် ၅ ခုလောက် ပြောင်းခဲ့ကြတာ တွေ့ရပါတယ်။

ဒီတော့ ကလေးတွေကို စပါယ်ရှယ်လစ်တွေဖြစ်အောင် စောစောစီးစီးဘာဖြစ်လို့ တွန်းပို့နေတော့မှာလဲ။

အဖြေကတော့ လယ်ယာခေတ်ကိုအလုပ်အကျွေးပြုတဲ့ ပညာရေးစနစ်နှင့်သွားနေလို့ပါပဲ။ အဲ့ဒီခေတ်က အသက်မွေးလုပ်ငန်းရယ်လို့လည်း များများစားစားမှုမရှိတာ။ ဘဝခရီးကို ဖြတ်သန်းဖို့လည်း ဘက်စုံပညာတွေ တတ်စရာမလိုဘူးလေ။

ဒီနေ့ခေတ်မှာတော့ အသက် ၆၀ အထိ အလုပ်လုပ်နေရင်း တစ်ခုခုမှာထူးချွန်ဖို့ကြိုးစားရတာ ရယ်စရာကြီးဖြစ်နေပါပြီ။

Buckminster Fuller ကလည်း

"အလွန်အကျွံထူးချွန်တာဟာ ထိုင်းမှိုင်းသွားတဲ့အဖြစ်ကို ဦးတည်သွားတတ်တယ်"လို့ သတိပေးခဲ့ပြီးသား။

ဒီတော့ ကျွန်တော်တို့ရဲ့ပညာရေးစနစ်ဟာ တစ်လမ်းသွား မဖြစ်သင့်ဘဲ၊ ဘယ်အသက်မွေးနယ်ပယ်ကိုမဆို ပြောင်းသာရွှေ့သာတဲ့ ဘက်စုံပညာရေးစနစ်နှင့် အစားထိုးဖို့ လိုအပ်နေပါပြီ။

၁၉၇၃ ခုနှစ် မရင်းတပ်က ထွက်ခဲ့တဲ့နောက်ပိုင်းမှာတော့ ကျွန်တော်ဟာ 'စွယ်စုံပညာရှင်တစ်ယောက်' ဖြစ်ဖို့ကလွဲပြီး တခြား အထူးပြုတဲ့အလုပ်တွေကို စိတ်မဝင်စားတော့ပါဘူး။

စွယ်စုံသမားတစ်ဦးအနေဖြင့် အရောင်းအဝယ်, စာရင်းကိုင်, စာရင်းစစ်, ဈေးကွက်, ငွေကြေးကိစ္စ, ထုတ်လုပ်မှုအပိုင်းတွေအားလုံး နှံ့စပ်ကျွမ်းကျင်ဖို့

mgyoe.com

SAMPLE BOOK 

လိုလာပါပြီ။ 'ခေတ်ရှေ့ပြေးပြီး အမြင်ကျယ်ရမယ်' ဆိုတာလည်း နားလည်ခဲ့ရပါတယ်။

တစ်ဘာသာတည်းချွန်တာဟာ နယ်ကျဉ်းပြီး လမ်းပိတ်နေတတ်ပါတယ်။ ဒီတော့ တစ်ဘာသာမက တတ်ကျွမ်းထားသင့်တယ် ဆိုပါတော့။ ဥပမာ သွားဆရာဝန်တစ်ယောက်ဟာ သွားအကြောင်းသာမကဘဲ မေးရိုးနှင့်ဆိုင်တဲ့ အရိုးအကြောအကြောင်းတွေပါ တတ်သိထားရမယ့် သဘောပါပဲ။

စီးပွားရေးလောကမှာလည်း ဒီအတိုင်းပေါ့။ အိမ်တိုင်းမှာ ငွေဝင်ငွေထွက်လုပ်ငန်း ရှိတယ်။ ဘုရားကျောင်း၊ ဒါမှမဟုတ် ကုသိုလ်ဖြစ် အဖွဲ့တွေမှာလည်း စီးပွားရေးလုပ်ငန်း ရှိနေတယ်။ အစိုးရဆိုတာလည်း အကြီးမားဆုံး စီးပွားရေးလုပ်ငန်းစုကြီးပါ။

ကြိုက်ကြိုက်,မကြိုက်ကြိုက် ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးတစ်ခုလုံးဟာ ငွေတွေ, ထုတ်ကုန်တွေ, အရောင်းအဝယ်တွေ, ဈေးကွက်တွေ, စာရင်းအင်းတွေပေါ်မှာ လည်ပတ်နေရတာလို့ ပြောချင်ပါတယ်။

ဒါကြောင့် ၁၉၇၃ ခုနှစ်က စီးပွားရေးလောကမှာ စွယ်စုံပညာရှင်ဖြစ်ဖို့ ဆုံးဖြတ်ခဲ့ရတာဟာ ငွေရဖို့ထက် 'ပညာတွေသင်ချင်လို့'လို့ ဆိုရမှာပါပဲ။

ဒီလိုနှင့် အိမ်လည်ရောင်းတဲ့ ဈေးသည်တွေကအစ, စတိုင်ကျကျနှင့် ဝတ်ထားတဲ့ ကားပွဲစားအလယ်, ကုမ္ပဏီ ကော်ပိုရေးရှင်းကြီးတွေအဆုံး ထဲထဲဝင်ဝင် လေ့လာခဲ့မိတယ်။ ဒီတွင် အရောင်းအဝယ်နှင့်ကင်းတာရယ်လို့ ဘာမျှမရှိဘူးဆိုတာ ပထမဆုံး အသိပညာရခဲ့တော့တာပေါ့။ ကျောင်းဆရာက သူ့အိုင်ဒီယာတွေ, ပညာတွေကို ရောင်းတယ်။ ဂိုဏ်းအုပ်ဘုန်းတော်ကြီးက ဘာသာရေးတွေရောင်းတယ်။ အမေလုပ်သူက သူ့သားသမီးကို အပြုအမူ, အကျင့်စရိုက်တွေရောင်းဖို့ ကြိုးစားတယ်။ ကုမ္ပဏီမန်နေဂျာတွေက ဝန်ထမ်းတွေကို တွန်းအားပေးလှုံ့ဆော်မှုတွေ ရောင်းတယ်။

အပြိုင်အဆိုင်ရောင်းနိုင်တဲ့လူက အောင်မြင်မှုရဖို့ ပိုလွယ်ကူတာလည်း နားလည်ခဲ့ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မကြာခင်က စာပို့သမားတစ်ယောက်ဟာ သူ့လခ မလောက်တဲ့အကြောင်း ပြောပြပါတယ်။ သူက စီးပွားရေးသမားတွေကို ကျွန်တော် ပညာသင်ပေးနေတာ သိတော့ 'သူ ဘာလုပ်သင့်လဲ' လို့ မေးပါတယ်။ ကျွန်တော်က အရောင်းဈေးသည် လုပ်ဖို့ အကြံပေးတော့

"ဟာ–ဈေးသည်တွေ ကျွန်တော် မုန်းတယ်ဗျ။ သူတို့တွေက လူလိမ် လူကောက်များတယ်။ ဈေးသည်တော့ မဖြစ်ချင်ဘူးဗျာ"

ဒီတော့မှ ကျွန်တော်က သူ စာတွေလိုက်ပို့နေတာဟာလည်း သူ့အချိန်ကို ရောင်းနေတာပဲလို့ ထောက်ပြလိုက်တယ်။ ဒါလည်း သူက ခေါင်းခါငြင်းခဲ့တာ ပါပဲ။ ဒီအမြင်ကျဉ်းမှုက သူ့ကို ချုပ်နှောင်ထားသလို၊ မိသားစုဘဝလည်း အဆင် မပြေရတော့ပါဘူး။

တကယ်တော့ ဈေးသည်တိုင်း မကောင်းသလို၊ ဈေးသည်တိုင်းလည်း မဆိုးလှပါဘူး။

အဓိကပြောချင်တာက နယ်ပယ်အသီးသီးမှာ သူ့ပညာနှင့် သူ ရှိနေကြပါ တယ်။ ကျောင်းပညာနှင့် မတူသလို၊ တချို့ဆို အဆင့်တွေမြင့်ပြီး ကျွမ်းကျင်မှုတွေ အများကြီးလိုတယ်ဆိုတဲ့ အချက်ပါ။

ဘယ်အသက်မွေးဝမ်းကျောင်းအလုပ်မဆို လူမှုရေး၊ ပေါင်းသင်းဆက်ဆံ ရေး ညက်ရမယ်။ တခြားလူတွေနှင့် ကိုယ့်အချိန် ကိုယ် တန်ဖိုးထားပြီး စီမံခန့်ခွဲ တတ်ရမယ်။ သက်ဆိုင်ရာကျွမ်းကျင်မှု၊ တီထွင်စွမ်းရည်တွေကို နည်းမျိုးစုံအသုံးပြု တတ်ရမယ်။ ဒါဟာ ဒီလောက (ဝါ) လူ့ဘဝမှာလိုအပ်တဲ့ ပညာတွေပဲ။

လူတွေဟာ တစ်ယောက်ကိုတစ်ယောက် အတုမြင် အတတ်သင်စနစ်နှင့် ကိုယ့်လုပ်ရည်ကိုယ်ရည်ကို မြှင့်တင်ကြရတာပါ။

ကျွန်တော့်စိတ်ထဲက ပညာရေးကတော့ ကျဉ်းမြောင်းကန့်သတ်မှုမရှိဘဲ နယ်ပယ်ကုန် ဖွင့်ပေးထားတာမျိုးပါပဲ။ ကလေး၊ လူကြီးအရွယ်မရွေး ဘက်စုံ ပညာရေးက အကူအညီ ပေးနိုင်ပါလိမ့်မယ်။ ကမ္ဘာကြီးဟာ အလျင်အမြန်တိုးတက် နေချိန်မှာ တစ်လမ်းသွားပညာရေးဆိုတာ အန္တရာယ်များလှပါတယ်။ အနာဂတ်ကို မမြင်ရပေမယ့်၊ မှန်းကြည့်ပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားရမှာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

'ဘဝတစ်လျှောက်လုံး ပညာဆိုတာ သင်လို့မကုန်ဘူး' ဆိုတဲ့အယူအဆကို ရင်မှာ ပိုက်ထားသင့်ပါတယ်။

အသက်မွေးဝမ်းကျောင်းအလုပ်တွေမှာ အချိန်မရွေးစိန်ခေါ်မှုတွေ ရှိနေတာပါ။ ကိုယ့်ဘက်က ကျင့်သားရပြီး အတွေ့အကြုံရှိဖို့ အရေးကြီးပါတယ်။

ကျွန်တော် ကုမ္ပဏီအရောင်းဈေးသည်ဘဝက တစ်အိမ်တက်ဆင်း ခေါင်းခါငြင်းမှုတွေနှင့် ရင်ဆိုင်ရပြီး၊ ဝင်ငွေလည်း နည်းခဲ့ရတာပေါ့။ ၂ နှစ်လောက် ရုန်းကန်ကြိုးစားပြီး အခေါ်အပြောကျွမ်းလာတော့မှ အဆင်ပြေခဲ့ရတာ ဆိုပါတော့။ ဝင်ငွေဆိုတာ ကိုယ့်ရဲ့ကျွမ်းကျင်ပညာနှင့် အစွမ်းအစတွေအပေါ် မူတည်တာပါပဲ။

ဒီလိုနှင့် အရောင်းအဝယ်ပညာ တတ်သွားတဲ့နောက် 'ဘယ်နေရာသွားသွား ဘာပစ္စည်းမဆို ငွေဖြစ်အောင်လုပ်နိုင်တယ်' ဆိုတာ ပထမဆုံး နားလည်လိုက်ရပါတယ်။

ဒီနေ့ဆိုရင်လည်း ကျွန်တော်ဟာ ပညာရေးနှင့်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်နေပါပြီ။ လူတွေက 'ဘာအလုပ် လုပ်သလဲ' မေးရင် 'ကျောင်းဆရာ' လို့ ဖြေနေကျ။ တကယ်တော့ ကျွန်တော့်ကိုယ် ကျွန်တော် စွယ်စုံပညာရှင်အဖြစ် သတ်မှတ်ပြီး၊ နောက်ပိုင်းကျမှ တတ်ထားတဲ့စီးပွားရေးပညာကို အရင်းပြုတဲ့ ကျောင်းဆရာလုပ်ခဲ့တာပါ။ တစ်ပြိုင်တည်းမှာလည်း စီးပွားရေးလုပ်ငန်းရှင်, အုပ်ချုပ်ရေးအရာရှိ, ဟောပြောရေးသမား, ကုမ္ပဏီအမှုဆောင်မန်နေဂျာ စသဖြင့် စွယ်စုံဘွဲ့ရသူဆိုလည်း မမှားပါဘူး။

## ဘက်စုံ ပညာရှင်အပေါ် ကမ္ဘာ့အမြင်

ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုနှင့် တခြားနိုင်ငံတွေရဲ့ 'အထူးပြုပါရဂူ စပါယ်ရှယ်လစ်နှင့် ဘက်စုံပညာရှင်တို့ မတူတဲ့ကိစ္စအပေါ် ဘယ်လိုအမြင်ရှိသလဲ' ကြည့်ရအောင်။

mgyoe.com

 mgyoe.com SAMPLE BOOK 

နိုင်ငံတချို့မှာသာ ကျွန်တော်တို့ဆီကလို တစ်ဘက်ကမ်းခတ် ကျွမ်းကျင်မှုကို ဖူးဖူးမှုတ်ထားတတ်ကြတာ တွေ့ရပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ လက်ငင်းလောလောဆယ် စီးပွားရေးပြဿနာ တွေ့ကြုံနေရတဲ့ အခြေခံရင်းမြစ်ပဲဖြစ်လို့ ကျွန်တော် လက်မခံချင်ပါဘူး။

ဂျပန်ကုမ္ပဏီတွေဟာ သူတို့ရဲ့အမှုဆောင်အရာရှိ ရာထူးအတွက် လေ့ကျင့်သင်တန်းပေးရာမှာ ကျောင်းတုန်းက ဘာဘွဲ့ညာဘွဲ့ဆိုတာတွေကို ဦးစားမပေးပါဘူး။ သာဓကပြရရင် ဂျပန်ကုမ္ပဏီကြီးတစ်ခုမှာ ထိပ်တန်းရာထူးကို ခုန်ပျံကျော်လွှားရလာတဲ့ လူငယ်တစ်ယောက်နှင့် ဆုံဖူးပါတယ်။ သူဟာ ပြင်သစ်ဘာသာ ဒီပလိုမာသာရခဲ့ပြီး၊ လုပ်ငန်းနှင့် မဆိုင်ပါဘူး။ ဒီအချက်က ကျွန်တော့်ကို အံ့သြသွားစေတာ အမှန်ပါပဲ။ ဒီ့အပြင် သူက '၁၀ နှစ်အတွင်းမှာ ကုမ္ပဏီရဲ့ဥက္ကဋ္ဌ ဖြစ်နိုင်တယ်'လို့တောင် ပြောလိုက်ပါသေးရဲ့။

သူ့စကားအရ သူတို့ကုမ္ပဏီဟာ လူရွေးတဲ့အခါမှာ လူမှုရေးပြေပြစ်မှု အမြန်တတ်လွယ်မှုရှိသူတွေ ဖြစ်,မဖြစ် အရင်ကြည့်တယ်လို့ သိရပါတယ်။ ဒီ့နောက် အဲ့ဒီလူကို ကုမ္ပဏီလုပ်ငန်းနှင့်ဆိုင်သမျှ ခြေဆုံးခေါင်းဖျား တစ်ခုမကျန် ၁၄ နှစ်လောက်သင်ပေးတယ် ဆိုပဲ။

ဒါဟာ တကယ့်ဘက်စုံ ဥသုံပညာရေး အစစ်အမှန် ဖြစ်ပြီး၊ ဒီနေ့ ကျွန်တော်တို့ အမေရိကန်ကုမ္ပဏီတွေက စပယ်ရှယ်လစ်တွေကို ခေါ်နေတာနှင့်တော့ တခြားစီပေါ့။ အမေရိကန်ကုမ္ပဏီအများစုမှာ မန်နေဂျာနေရာကို ထိပ်တန်းတက္ကသိုလ်ကြီးတွေက MBA ဘွဲ့ရတွေကို ခန့်ပါ တယ်။ သူတို့မှာ ဘာမျှအတွေ့အကြုံမရှိဘဲ မန်နေဂျာ တန်းဖြစ်တာ ဆိုပါတော့။

ကျွန်တော်တို့ ကောလိပ်နှင့် တက္ကသိုလ်တွေက ဘက်စုံထူးချွန်သူဖြစ်အောင် ဘာတွေ သင်ပေးနိုင်ပါသလဲ။ ဟိုး အရင်တုန်းကတော့ စွယ်စုံအနုပညာ ဒီဂရီဆိုပြီး ထွင်ပေးခဲ့တာတော့ ရှိပါရဲ့။ ဒါပေမယ့် ဒီနေ့မရှိတော့ပါဘူး။ အဲ့ဒါကလည်း စပယ်ရှယ်လစ်ထဲက်သာသာ အဖြစ်ကလေးပဲရှိပြီး၊ ဘွဲ့ရဖို့သာ အရေးထားတာမို့ လက်တွေ့ကျွမ်းကျင်မှု ဒီလောက်မရှိဘူးပဲ ဆိုရပါမယ်။

mgyoe.com

ခင်ဗျားအနေဖြင့် 'အထူးကျွမ်းကျင်'လို့ ဆိုပြီး ထောင်ချောက်မိနေပါသလား။ လက်ရှိအလုပ်ကထွက်ပြီး အလုပ်သစ်တစ်ခုကို အစိမ်းသက်သက်ဝင်လုပ်နိုင်မယ့်နည်းကို သိချင်ပါသလား။

ဒါဆိုရင်တော့ လစာကိုမမက်ဘဲနှင့် ပညာသင်နိုင်တဲ့အလုပ်ကို ရှာပါလို့ တိုက်တွန်းပါရစေ။ နှစ်အတန်ကြာ ဘဝကိုရင်းပြီး လုပ်ငန်းဆိုင်ရာနှင့်ပတ်သက်လို့ ဘက်စုံကျွမ်းကျင်မှုရအောင် ကြိုးစားပါ။ 'အထူးကျွမ်းကျင်သူ' ဆိုတဲ့ စပယ်ရှယ်လစ်တွေဟာ 'ဂျင်နရယ်လစ္စ' ခေါ်တဲ့ ဘက်စုံပညာရှင်တွေလက်အောက်မှာ ဝင်လုပ်ကြရတာပါပဲ။ ကိုယ်က ဘက်စုံကျွမ်းကျင်တဲ့ စပယ်ရှယ်လစ်ဆိုမှသာ အသာစီးရနိုင်ပါလိမ့်မယ်။

ဒီနေ့ ခင်ဗျားဟာ အသက်ကြီးနေတဲ့ကြားက ဘက်စုံပညာရှင်ဖြစ်ဖို့ ကိုယ်ပိုင်အစီအစဉ်နှင့် ကြိုးစားနေသူ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါဆိုရင်လည်း ကိုယ့်အရည်အချင်းနှင့် ကိုယ်လုပ်မယ့်နေရာမှာ အရေးကြီးတဲ့ကျွမ်းကျင်ပညာတွေရှိတဲ့ ဘက်စုံဘော်သူဖြစ်ဖို့တော့ လိုတာပေါ့။

ကမ္ဘာကြီးမှာလည်း ကိုယ့်ကျွမ်းကျင်မှုကို မြှင့်တင်ပေးမယ့် အခမဲ့သင်တန်းတွေတက်နိုင်တဲ့ အခွင့်အလမ်းတွေ ပေါ်နေပါပြီ။

ဒီလိုနှင့် ကိုယ့်ဘဝလမ်းမှာ နောင်လာမယ့်မျိုးဆက်သစ်တွေအတွက် သင်ခန်းစာတွေ လက်ဆင့်ကမ်းပေးနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်တိုင်က စံပြဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်လည်း ကျောင်းတွေထဲဝင်ပြီး အပြောင်းအလဲဖြစ်အောင် ကူညီပေးလို့ ရမှာပါ။

ဒီစာအုပ်ထဲက အဲ့ဒီအချက်တစ်ချက်၊ သို့မဟုတ် ၂ ချက်စလုံးကိုလုပ်နိုင်တဲ့ ပညာတွေရမယ်လို့ မျှော်လင့်မိပါရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

အကြီးဆုံးပြဿနာက
ပညာရေးပဲ။
R. Buckminster Fuller

mgyoe.com

mgyoe.com SAMPLE BOOK

# ၄

## ကျွန်
## တော့်သားလေး သိပ်
## တော်တယ်

ကုမ္ပဏီဘုတ်အဖွဲ့ အစည်းအဝေးတစ်ခုမှာ လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပြောနေတာ ကြားရပါတယ်။

"ပညာရေးစနစ်ဟာ အလွန်ကောင်းတယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော် ကျောင်းနေရတာလည်း ပျော်တယ်။ စာလည်း လိုက်နိုင်တယ်။ ကျွန်တော့်သားလေးက ကျွန်တော့်ခြေရာ နင်းတာပဲ။ သူက ပညာလိုလား သလောက် အတန်းထဲမှာလည်း '၁' စွဲတယ်။ သူ့ကိုရတဲ့ တက္ကသိုလ်တွေတော့ ကံကောင်းမှာပဲ။ သူ့အနာဂတ်ကလည်း တောက်ပနေတယ်။ ပညာရေးစနစ် ဒီလောက်ကောင်းတာကို လူတွေက ဘာလို့များ စောဒကတက်ပြီး အပြစ်တင် နေကြမှန်း မသိဘူး"

ဒီတော့ ကျွန်တော်က လှမ်းမေးလိုက်မိတယ်။

"ဒါပေမယ့် ကျောင်းမှာ စာမတော်တဲ့ ကလေးတွေကိစ္စကိုရော ဘယ်လို စဉ်းစားမလဲ။ ကျောင်းထွက်သွားရတဲ့ ကလေးတွေကျတော့ကော ဘယ့်နှယ်လုပ် မလဲ။ ခင်ဗျားရဲ့သားလို မဟုတ်ဘဲ၊ တက်လမ်းမရှိတဲ့ ကလေးတွေအရေးကိုကော ထည့် မတွက်တော့ဘူးလား"

"အဲဒါက ကျုပ်ပြဿနာမှ မဟုတ်ဘဲ"

mgyoe.com

 mgyoe.com SAMPLE BOOK 

သူက အေးတိအေးစက် ပြောပါတယ်။ ကျွန်တော် ပြေးပြီး နားရင်းအုပ်ချင်စိတ် ပေါက်သွားတယ်။ တကယ်ပဲ။

ကျွန်တော်က ပညာရေးပြုပြင်ပြောင်းလဲဖို့ ကမ္ဘာအနှံ့ လှည့်လို့ ဟောပြောတဲ့အခါတိုင်း၊ လူတွေဟာ ခုလိုပဲ ခုခံကာကွယ်ပြောတတ်ကြပါတယ်။

"စနစ်ကို သူ့ဟာသူ ထားလိုက်ပါ။ ဒီအတိုင်း နေပါစေ။ ကျွန်တော်လည်း ပညာကောင်းကောင်းတတ်ခဲ့သလို ကျွန်တော့်ကလေးတွေလည်း တော်တာပဲ။ ကျွန်တော်တို့ဒရိုင်က ဆရာ, ဆရာမတွေကလည်း အကောင်းဆုံးတွေပါ"

ကံမကောင်းစွာ ညံ့တဲ့ ကလေးတွေအရေးကို မေးခွန်းထုတ်လိုက်တော့လည်း အဖြေတွေက မစာမနာ ရက်ရက်စက်စက်။

"ဒါတော့ ဘယ်တတ်နိုင်မလဲ။ သူ့ထိုက်နှင့်သူ့ကံပေါ့"

"ကျွန်တော်တို့တုန်းကလည်း ကိုယ့်လောက် မတော်တဲ့လူတွေ ရှိပေမယ့် ဘာမှ မကူညီနိုင်ခဲ့ပါဘူး"

"ဒါဆိုလည်း သူတို့မိဘတွေ သွားပြောပါလား"

"ကျွန်မတို့ကံ ဘာလုပ်ပေးနိုင်မယ် ထင်လို့လဲ"

"ဒါတွေ လာပြောနေလို့ အပိုပဲ"

ကျွန်တော့်အမြင်တော့ လက်ရှိစနစ်က လူနည်းစုကိုသာအကျိုးပြုပြီး အများစုမှာတော့ ရင်စည်းခံရတဲ့အဖြစ်။

'ကောင်းပါတယ်' ဆိုသူတွေကို မေးချင်ပါတယ်။

လက်ရှိပညာရေးစနစ်ရဲ့ ဆိုးကျိုးဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ရတဲ့ ကလေးတွေ, ကျောင်းထွက်ရတဲ့သူတွေ၊ မနာလိုဝန်တိုအမုန်းပွားရတဲ့သူတွေ၊ အလုပ်ပြုတ်ရတဲ့သူတွေ၊ တေပေလေလွင့်ပြီး ဒုစရိုက်သမားဖြစ်ရတဲ့လူတွေ၊ ထောင်သားတွေ၊ မူးယစ်ဆေးစွဲရတဲ့အမှုတွေ၊ ဆင်းရဲမွဲတေရသူတွေ၊ ကြွေးလည်ပင်းခိုက်ပြီး အငြိမ်းစားမယူနိုင်သူတွေ၊ ဆေးမကုနိုင်သူတွေ၊ ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်ဝင်ရသူတွေ၊ ငွေကျွန်ဖြစ်ရသူတွေ၊ တစ်သက်လုံး စိတ်အားငယ်ပြီး စိတ်ဓာတ်ကျရတဲ့သူတွေ၊ ဉာဏ်ထက်တဲ့ ပါရမီရှင်တွေဖြစ်ပါလျက် အနုံညာတဘဝနှင့် ရေတိမ်နစ်ရသူတွေ၊ တီထွင်ပါရဂူသိပ္ပံပညာရှင်ကြီးတွေ, အင်ဂျင်နီယာ, ဆရာဝန်, နိုင်ငံ

mgyoe.com

SAMPLE BOOK

ခေါင်းဆောင်, စာဆိုပညာရှိ, အနုပညာကျော်တွေ ဖြစ်သင့်လျက်သားနှင့် မဖြစ်ရတဲ့ လူတွေ။ ကဲ–ဘယ်လောက်တောင် များလိုက်မလဲလို့။

## ကိုယ်
## တွေ့ဇာတ်
## လမ်း

အမှန်တော့ ဒီဇာတ်လမ်းဟာ ဒီစာအုပ်ရေးဖြစ်တဲ့ အကြောင်းတစ်ခုလို့ ဆိုရမှာပါပဲ။

ကျွန်တော်ဟာ ၁၉၆၅ ခုနှစ် ဩဂုတ်လရဲ့ ပူပြင်းတဲ့တစ်နေ့မှာ နယူးယောက်ပြည်နယ် ကင်းစ်ပွိုင့်က အမေရိကန်ကုန်သွယ်ရေကြောင်းတက္ကသိုလ်မှာ စတက်ခဲ့ပါတယ်။ မင်ဟက်တန်ကနေ တစ်နာရီ ခရီးပေါ့။ အသက် ၁၈နှစ်သားက ဒီကျောင်းကြီးတက်ရတာ ဂုဏ်ယူစရာပါပဲ။

ကျောင်းဝင်ခွင့်ရဖို့ကလည်း မလွယ်ပါဘူး။ ဆီနိတ်အမတ်တစ်ယောက်ရဲ့ ထောက်ခံချက်, ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု, စာမေးပွဲအထပ်ထပ်နှင့် အင်တာဗျူးတွေ အသည်းအသန်ဖြေခဲ့ရတာ ဆိုပါတော့။ ကျွန်တော်တို့ ဟာဝိုင်ယီက အဲ့ဒီကျောင်းတက်ဖို့ ၂ ယောက်ပဲ ခွဲတမ်းရတဲ့အချိန်ပေါ့။

ကျောင်းသားသစ်ကြိုဆိုပွဲကတော့ မိဘတွေပါပါပြီး တကယ့်ကို ပျော်စရာကြီးပေါ့။ ဒီနောက်တော့ သင်တန်းတွေစခဲ့ရာက တရကြမ်းမောင်းတော့တာပါပဲ။ ကျွန်တော်တို့အဖို့ ငရဲကျရတာမှ သက်သာလိမ့်ဦးမယ်။ တိုက်ပွဲဝင် စစ်သင်တန်းတက်ရတာထက်လည်း ကြမ်းပါတယ်။ ဒီကြားထဲမှာ ရေးဖြေ,နှုတ်ဖြေ စာမေးပွဲတွေ အတောမသတ်အောင် စစ်မေးပါတယ်။ ဒီလိုနှင့် ၁ နှစ်ပြီး ၁ နှစ် လူတွေ လျော့လာလိုက်တာ သင်တန်းပြီးတဲ့ ၄ နှစ်အဆုံးမှာ ကျောင်းသားတစ်ဝက်သာ ဘွဲ့ရခဲ့ကြပါတယ်။

၁၉၆၈ ခုနှစ်ရဲ့ အေးချမ်းတဲ့ဆောင်းရာသီ ရက်တစ်ရက်ကိုတော့ ကျွန်တော့်တစ်သက် မေ့နိုင်တော့မှာမဟုတ်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အဲ့ဒီနေ့ကတော့ ကျွန်တော့်ထက်တော်တဲ့ အခန်းဖော်လည်းဖြစ်၊ အချစ်ဆုံး သူငယ်ချင်းလည်းဖြစ်တဲ့ အက်ဒ်တစ်ယောက် အစမ်းစာမေးပွဲကျလို့ ကျောင်းက ထွက်သွားရတဲ့နေ့ပေါ့။

သူဟာ သင်္ချာနှင့် အင်ဂျင်နီယာသင်တန်းတွေမှာ တကယ်ထူးချွန်သလို၊ ကဲကုလပ်စ်သင်္ချာဆိုရင် ကျွန်တော်တို့ကိုတောင် ပြန်ပြပေးနိုင်သူပါ။

ဒါပေမယ့် အစမ်းစာမေးပွဲ ခြေချော်လက်ချော်နှင့် မဖြေနိုင်ခဲ့ပါဘူး။ ကျောင်းစည်းကမ်းအရ ကျောင်းထွက်သွားရတယ်။ သူ့ခမျာ ဘယ်လောက်တောင် ခံစားလိုက်ရမလဲ။ ကျွန်တော်ကတော့ တဖြည်းဖြည်းသေသွားတဲ့ လူတစ်ယောက် အဖြစ် သူ့ကို မြင်ယောင်ခဲ့ရတယ်။ ကျွန်တော်တို့ဟာ စစ်ကျောင်းပါ။ ဒီတော့ တပ်ခွဲအလိုက်လည်း ပြိုင်နေရပါတယ်။ အမှတ်ပေးစနစ်နှင့် အတက်အကျတွေ ဖန်တီးထားတယ်။ ဒီလိုနှင့် ကျောင်းသားတချို့က ပျော်မြူးရပြီး၊ ကျန်သူတွေ ကတော့ ငိုရတော့တာပါပဲ။

ဒီကျောင်းက အဝင်ခက်သလောက် အထွက်လွယ်တယ်လို့လည်း ပြောလို့ ရပါတယ်။ အတော်များများလည်း ဗီယက်နမ်အပို့ခံကြရပါတယ်။ အောင်မြင်သူ တွေအဖို့ မက်လုံးတွေကောင်းပေမယ့် ကျတဲ့နှုန်းက မြင့်လာဆဲပါပဲ။ အတန်းကြီး လာလေ တစ်စထက်တစ်စ ကျပ်ကျပ်လာတယ်ဆိုရင် မမှားပါဘူး။ ကျွန်တော်တို့ရဲ့ စစ်ကျောင်းနှင့် အရပ်ထဲကကျောင်းတွေဟာ သိပ်ကွာခြားမှုမရှိဘဲ စနစ်တစ်ခုတည်း အောက်မှာ ရှိနေကြတယ်ဆိုရမယ်။

ကျွန်တော်တော့ ကျောပိုးအိတ်လေးလွယ်ပြီး ခေါင်းငိုက်စိုက်ချလို့ ကျောင်း ဝင်းထဲက တစ်လှမ်းချင်းထွက်သွားရတဲ့ သူငယ်ချင်းအက်ဒ်ကို ခုထိမြင်ယောင် နေတုန်းပါ။

ပညာရေးရှုထောင့်က ပြောမယ်ဆိုရင် ကလေးတွေက ညံ့တာမဟုတ်ပါ။ စနစ်ကိုက ညံ့တာပါ။ အမှတ်ပေးစနစ်၊ စာမေးစနစ်ဆိုတာကကော အရည်အချင်း ကို မှန်မှန်ကန်ကန်စစ်ပေးနိုင်လို့လား။ အထက်မှာပြောခဲ့သလို၊ 'ညံ့ပါတယ်' ဆိုတဲ့ အက်ဒီဆင်တို့၊ အိုင်းစတိုင်းတို့ဟာ ကြီးလာချိန်မှာ ကမ္ဘာကျော်ပညာရှင်ကြီး တွေ ဖြစ်ကုန်တာပဲကြည့်။

mgyoe.com

mgyoe.com SAMPLE BOOK

အလားတူပဲ၊ ကျောင်းမှာ ပညာရည်ချွန်ဆုရသူတွေ, အဆင့် '၁'ရသူတွေ ဟာလည်း အပြင်လောကကျတော့ ဘာမှုအသုံးမဝင်တော့ဘဲ ဇာတ်မြုပ်သွားရတာ တစ်ပုံကြီးပါ။

ဒါပေမယ့် လက်ရှိပညာရေးစနစ်က ကလေးချင်းကို ပြိုင်စေခဲ့တယ်။ အားနည်းတဲ့, စာညံ့တဲ့ကလေးတွေဟာ စာတော်သူတွေရဲ့ အနှိမ်ခံ, အလှောင်ခံတွေ ဖြစ်ကုန်ကြရတယ်။ ဒါဟာ ချက်ချင်းမမြင်သာတဲ့ ပျော့ကွက်တစ်ခုပါပဲ။

ဒီလိုနှင့် စာညံ့သူနှင့် စာတော်သူရယ်လို့ အုပ်စုကွဲပြီး အခြေအနေတွေ တင်းမာရပြန်တယ်။ ကျောင်းသားအချင်းချင်း ညီရင်းအစ်ကိုလို ချစ်ခင်ရင်းနှီး, ယိုင်းပင်းကူညီဖေးမ စောင့်ရှောက်ယုံကြည်အားထား တစ်ယောက်ကိုတစ်ယောက် လေးစားရမယ့် အနှစ်သာရတွေပျောက်ဆုံးသွားရတယ်။ ဒီအစား ဂုဏ်တုဂုဏ်ပြိုင် အရှုံးအနိုင်လုတဲ့စိတ်တွေပေါ်အောင် အဆင့်တွေ, အမှတ်တွေက ဖန်တီးလိုက်တာ ပါပဲ။ ဒါဟာ ကလေးတွေကို ကြီးနိုင်ငယ်ညှဉ်းဝါဒနှင့် အနိုင်ကျင့်ရက်စက်မှုတွေကို လုပ်ချင်စိတ် သွတ်သွင်းပေးလိုက်တာပါပဲ။ ကျောင်းသားဘဝက အရွယ်ရောက် ကြီးပြင်းလာတဲ့အထိ ရက်စက်တတ်တဲ့အကျင့် ပါသွားစေပါတယ်။

Jerry B. Harvey က The Abilene Paradox ဆိုတဲ့ စာအုပ်ထဲမှာ ဒီစိတ်, ဒီအကြံတွေ ထွက်ကားလာပုံကို သမိုင်းနှင့်ချိပြီး ဇာတ်ကြောင်းလှန်ခဲ့ပါ တယ်။ သူက ဒုတိယကမ္ဘာစစ်အတွင်း ဝင်စတန်ချာချီက တခြားဥရောပနိုင်ငံ တွေကို 'ဟစ်တလာရဲ့အန္တရာယ်ကို မတွန်းလှန်နိုင်ရင် ဒုက္ခရောက်မယ့်အကြောင်း' သတိပေးခဲ့တာနှင့် သာဓကဆောင်ပါတယ်။

"လူတစ်ယောက်ဟာ မိကျောင်းကြီးကို အစာဝအောင် ကျွေးခဲ့ပြီးပြီလို့ ယူဆခဲ့ရင် ဒီမိကျောင်းက နောက်ဆုံးမှာ သူ့ကို စားပစ်လိုက်ပါလိမ့်မယ်။ မုန်တိုင်း ကြီးဟာ သူတို့ကို အလှည့်ကျရှောင်မှန်းမသွားဘဲ ဖြတ်ကျော်သွားမယ်လို့ မျှော်လင့် တာနှင့်လည်း မခြားပါဘူး"

ဒီသတိပေးစကားကို ဖတ်ရရချင်းမှာပဲ ကျွန်တော် ကျောင်းနေစဉ်ဘဝနှင့် ပြန်ယှဉ်ကြည့်မိပါတယ်။ ကျွန်တော်ဟာ ကိုယ့်ထက်ညံ့တဲ့သူတွေကို အထင်သေး, အမြင်သေးနှင့် ခုတုံးလုပ်ပြီး အောင်မြင်မှုကို တည်ဆောက်ခဲ့သလို၊ သူတို့ကလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ဆန့်ကျင်မုန်တီးမှုတွေ ပွားခဲ့ရာက စနစ်ရဲ့သားကောင်တွေ ဖြစ်ခဲ့ကြရတာကလား။

အဒေါ့ဖ်အိုက်ခမန်းရဲ့အမှုကို အစကနဦး စစ်ဆေးခဲ့ကြတဲ့ စိတ်ဆရာဝန်က 'သူဟာ သူ့မိသားစုနှင့် ဆွေမျိုးမိတ်ဆွေတွေအပေါ် သဘောကောင်းပြီး ပုံမှန်စိတ်ရှိခဲ့ကြောင်း' သိခဲ့ကြပါတယ်။ ပြီးတော့ အပြုသဘောဆောင်တဲ့ အာရုံတွေလည်း ရှိခဲ့တယ်လို့ ဆိုပါတယ်။ အများထင်သလို စိတ်ဖောက်ပြန်နေသူ မဟုတ်ဘူးလို့လည်း ထင်ခဲ့ရပါသတဲ့။ သူ့အသိုင်းအဝိုင်းတစ်ခုလုံးကလည်း သူလုပ်ခဲ့တာတွေကို တစ်ယောက်မျှ ဆန့်ကျင်ဝေဖန်တာ မလုပ်ခဲ့ဘူးဆိုပဲ။

စင်စစ်တော့ အိုက်ခမန်းရဲ့အစွန်းရောက်သမားဘဝနှင့် လက်လွန်ခြေလွန် ရက်စက်တဲ့အမှားတွေဟာ လူ့သမိုင်းမှာ အဆိုးရွားဆုံး ဖြစ်ခဲ့ပါတယ်။ နာဇီဝါဒ စနစ်ဆိုးမိကျောင်းကြီးရဲ့ တန်ဆာခံလို့လည်း ပြောနိုင်ပါတယ်။ ဒါပေမယ့် ဒီလို အဖျက်အားကြီးမားတဲ့ ကြောက်စရာစနစ်ဆိုးတစ်ခုကို ထောက်ခံပံ့ပိုးတဲ့အတွက် အပြစ်ရှိတဲ့လူတွေ ဘယ်လောက်တောင်များပါသလဲ။

ဟာစ်တလာရော အိုက်ခမန်းပါ ဒီလိုလုပ်ပိုင်ခွင့်အာဏာတွေ မရှိသလို၊ ဂျာမန်ပြည်သူတွေအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု ရယူဖို့လည်း ပျက်ကွက်ခဲ့ပါတယ်။ ဒီကြားထဲမှာ လက်တစ်ဆုပ်စာ ဂျူးတချို့ကိုယ်တိုင် သူတို့အန္တရာယ် သူတို့ ရှောင်ကွင်းနိုင်ဖို့ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့စိတ်နှင့် ကိုယ့်လူမျိုးအချင်းချင်းကို လက်ညှိုးထိုး ထိုးကျွေးခဲ့တဲ့ သာဓကတွေလည်း ရှားရှားပါးပါး တွေ့ရပါသေးရဲ့။ ဟာစ်တလာကိုဆန့်ကျင်တဲ့ ဂျာမန်အများစုကလည်း လူမဆန်တဲ့ ရက်စက်မှုတွေကို အကြောက်တရားနှင့် ရေငုံနှုတ်ပိတ်နေခဲ့တာပါပဲ။

မျက်မှောက်ခေတ် လုပ်ငန်းနယ်ပယ်မှာလည်း ကိုယ် ရာထူးတက်ပြီး ကိုယ်ကောင်းစားမှုအတွက် အထက်အရာရှိကြီးတွေရဲ့အလိုကျ အားနည်းတဲ့အလုပ်သမားတွေကို ခေါင်းနင်းတက်တဲ့လူတွေ၊ ဇာတ်တူသားစားတဲ့လူတွေ ရှိနေတာ မနည်းလှပါဘူး။

"ကုမ္ပဏီအမြတ်တွေ ကျဆင်းနေလို့ ဝန်ထမ်း ၅ ပုံ ၁ ပုံကို လျှော့ပစ်ရမယ်။ မင်းတာဝန်ကျေရင်တော့ အဲဒီကပိုလာတဲ့ အမြတ်တွေ ခွဲတမ်းထပ်ရမှာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနှင့် ခေါင်းဆောင်တွေက အချင်းချင်းလှည့်တိုက်ပေးပြီး လူမိုက်မွေးသွေးခွဲ မတရား အမြတ်ထုတ်ခဲ့ကြတာကလား။

ကုမ္ပဏီတစ်ခုမှာဆိုရင်လည်း အမြတ်တွေနည်းလာတဲ့အတွက် ဝန်ထမ်းတွေကို '၂၀ ရာခိုင်နှုန်း လစာ အလျှော့ခံမလား၊ ၂၀ရာခိုင်နှုန်း လူတွေ အလျှော့ခံမလား'ဆိုပြီး ရွေးချယ်ခွင့် ၂ ခု ပေးခဲ့ပါတယ်။ ဝန်ထမ်းအများစုက 'လစာလျှော့မယ့်အစား လူတွေလျှော့ပစ်ပါ'လို့ ဆန္ဒပေးခဲ့ကြပါသတဲ့။ ဒီလိုနှင့် 'လက်သင့်ရာ စားတော်ခေါ်', 'ကံဆိုးသူ ငါးမန်းစာကျွေး' စနစ်နှင့် ရှင်းပစ်ရာမှာ သူတို့ကိုယ်သူတို့ ပြုတ်မယ်လို့ မထင်တဲ့လူတွေတောင် ပြုတ်တဲ့အထဲ ပါသွားတော့တာပါပဲ။

ဟာဗေးရဲ့စာအုပ်ထဲမှာ ဟစ်တလာခေတ်မှာ ဒိန်းမတ်နိုင်ငံက အမိန့်ကို ဆန့်ကျင်ခဲ့တာကိုလည်း မှတ်တမ်းတင်ခဲ့ပါသေးတယ်။ ဟစ်တလာနှင့် အိုက်ခမန်းတို့ဟာ ဂျူးတွေ မျိုးဖြုတ်သုတ်သင်ရေးကို အလျှင်စလိုလုပ်ခဲ့တာ မဟုတ်ပါဘူး။ သူတို့က တစ်ရစ်ပြီးတစ်ရစ် ဝက်အူတင်းတဲ့ပုံစံနှင့် ပထမ ဂျူးတွေကို ဂျူးဖြစ်ကြောင်း မှတ်ပုံတင်ကတ်တွေ ဆောင်ခိုင်းပါတယ်။ နောက်တော့ ဂျူးတွေကို လက်မောင်းမှာ လက်ပတ်တွေ ချည်ခိုင်းပါတယ်။ ဂျူးတွေက နာခံခဲ့တဲ့အဆုံးကျမှ ဖမ်းဆီးသတ်ဖြတ်ခဲ့တာပါ။

ထူးဆန်းတာက လူသန်းပေါင်းများစွာက ခေါင်းငုံ့ခံခဲ့သလို၊ ဂျူးမဟုတ်တဲ့ သန်းပေါင်းများစွာသောလူများကလည်း ဟစ်တလာနောက်မှာနေပြီး ဂျူးတွေကို တိုင်းပြည်အန္တရာယ်တွေအဖြစ် ပစ်မှတ်ထားခဲ့ကြတာပါပဲ။

ဟစ်တလာက ဒိန်းမတ်ကို ကျူးကျော်သိမ်းပိုက်ခဲ့ရာမှာ ဒိန်းမတ်ဘုရင်က နာဇီတွေရဲ့အမိန့်ကို တစ်သဝေမတိမ်း မလိုက်နာခဲ့ပါဘူး။ ဂျူးတွေအနေဖြင့် အဝါရောင်ဒေးဗစ် ကြယ်လက်ပတ်တွေ တပ်ခိုင်းသလို၊ ဒိန်းမတ်ပြည်သူအားလုံးကိုလည်း အလားတူလက်ပတ်တွေ ပတ်စေခဲ့တာပဲ ဖြစ်ပါတယ်။ ဒိန်းမတ်သားတွေဟာ လူမဆန်တဲ့ရက်စက်မှုကို ဆန့်ကျင်ကြောင်း ပြသခဲ့တာနှင့်အမျှ ဒိန်းမတ်နိုင်ငံကဂျူးတွေလည်း အသက်ဘေးက လွတ်ကင်းချမ်းသာခဲ့ကြရပါတယ်။

တစ်ယူသန်စနစ်ဟာ ကိုယ့်အသက် ရှင်သန်ကောင်းစားရေးအတွက်

mgyoe.com

mgyoe.com SAMPLE BOOK

တခြားလူအများကြီးကို စတေးဖို့ တိုက်တွန်းရာရောက်ပါတယ်။ ဒါပေမယ့် ဒိန်းမတ်ပြည်သူတွေကတော့ သူ့အသက်ကို ကိုယ့်အသက်နှင့်ထပ်တူ တန်ဖိုးထားပြီး မိတ်ဆွေတွေ, အိမ်နီးချင်းတွေ, တစ်နိုင်ငံတည်းသားတွေကို ဘေးဒုက္ခမခံရအောင် ကာကွယ်ပေးခဲ့ကြတာပဲ မဟုတ်ပါလား။

'ကြီးနိုင်ငယ်ညှဉ်း, အားကြီးသူက အားနည်းသူကို အနိုင်ယူ, လျင်သူစားတမ်း, တော်သူမှကျန်မယ်, သူသေငါရှင်' ဆိုတဲ့ဝါဒတွေဟာ လူ့သဘာဝတဲ့လား။

မုဆိုးမရှိရင် သားကောင်ဖြစ်စရာလည်း အကြောင်းမရှိပါဘူး။

ဒိန်းမတ်နိုင်ငံသားတွေဟာ မဖြစ်သင့်တာ မဖြစ်အောင် ကြိုးပမ်းခဲ့ကြတာ အထင်အရှားပါပဲ။

မဟုတ်တာ, မတရားတာ, တစ်ဘက်သတ်အနိုင်ယူတာတွေကို ခေါင်းငုံ့မခံဘဲ ဆန့်ကျင်ပယ်ဖျက်ဖို့ဟာ လူသားဆိုသူတွေရဲ့ တာဝန်ပါ။

ပညာရေးစနစ်မှာလည်း ဒီအတိုင်းပဲ။ မကောင်းမှန်းသိရင် လက်ခံဖို့ မသင့်ဘူးပေါ့။ ဘာမဆို ပြင်လိုက်ရင် ကောင်းသွားမှာပါပဲ။ တစ်ကိုယ် ကောင်းဖို့အတွက် အများနစ်နာရတဲ့ စနစ်မျိုးကော ရှိကောင်းပါ့မလား။ တချို့က အနာခံ, အရှုံးခံလိုက်ရတိုင်း ကျန်တဲ့လူတွေက အောင်မြင်မှု ရပါ့မလား။

အမေရိကန်နိုင်ငံသားအများစုဟာ 'ဘုရားသခင်'ဆိုတဲ့အစား 'မွန်မြတ်တဲ့ ဝိညာဉ်တော်'ရယ်လို့ သုံးနှုန်းတတ်ကြပါတယ်။ ပညာရေးစနစ်မှာလည်း ငဲ့ညှာစာနာစိတ်နှင့် မေတ္တာတွေ ထားကြဖို့လိုပါတယ်။ 'ငါမှတော်စေ၊ ငါမှတတ်စေ၊ ငါ့သမီးတွေလည်း သူများထက်သာရမယ်, တော်ရမယ်' ဆိုတဲ့ ငါစွဲအတ္တတွေ လျှော့ရမှာ ဖြစ်ပါတယ်။

ကျွန်တော် ကိစ္စအတော်များများမှာ ပညာတတ်လူတော်ဆိုတဲ့ ပုဂ္ဂိုလ်တွေနှင့် မကြာခဏ ရင်ဆိုင်တိုးဖူးပါတယ်။ ဒေသတက္ကသိုလ်တစ်ခုက ပညာရှင်ဆရာကြီးတစ်ဦးနှင့် စိန်ခေါ်ပွဲလေးကြုံခဲ့ရတာ မှတ်မိပါသေးရဲ့။

mgyoe.com

"မင်းစကားက အတင့်ရဲလှချည်လား။ ငါက ဒေါက်တာဘွဲ့ ရထားတာကွ။ မင်းမှာ ဘာဘွဲ့ ရှိလို့လဲ"

"ကျွန်တော်ကလည်း B.Sc (သိပ္ပံဘွဲ့)ရထားသူပါပဲ။

"ဒီလောက်နှင့် ပညာရေးစနစ်ကို မမှန်မကန် ဝေဖန်ပြင်ဆင်ချင်လို့ ဘယ်ရမလဲ။ မင်းမှာ အဲသလိုလုပ်ပိုင်ခွင့် ဘာလက်မှတ်ရှိလို့လဲ"

"ဩ–ဆရာက ကျွန်တော့်ထက် ပညာပိုတတ်တယ် ထင်လို့လား"

"အေး–ငါက ဒေါက်တာဘွဲ့ရထားတဲ့လူပဲကွ"

"ကိုယ်ပိုင်အရည်အချည်းအရကော ဆရာက ကျွန်တော်ထက် သာတယ်လို့ ပြောနိုင်ပါ့မလား"

"အိုး–ငါက အရည်အချင်းစစ်စာမေးပွဲတွေမှာ အောင်မှတ်ကောင်းကောင်း ရတယ်"

ဒီတွင် ကျွန်တော်က သူ့မှာ 'ကားရှိသလား'လို့ မေးလိုက်တယ်။ သူက ခေါင်းညိတ်တယ်။

"အဲဒီကားကို ခင်ဗျားကိုယ်တိုင် ပြင်သလား။ မက္ကင်းနစ်ကို သွားပြသလား"

"ငါက ကား ဘယ်လိုပြင်ရမယ်ဆိုတာ မသိတာအမှန်ပဲ"

"ဒါဆို မက္ကင်းနစ်တစ်ယောက်နှင့်ယှဉ်လိုက်ရင် ဆရာ ဘာမျှမတတ်ဘူး ဆိုရမှာပေါ့။ ကားပြင်တာမှာ ဆရာ့ဒေါက်တာဘွဲ့က သုံးမရဘဲ သူ့ကို ဆရာတင်ရတာ မဟုတ်လား"

ပရော်ဖက်ဆာကြီးသဘောပေါက်ပြီး ထိုင်ကျသွားပါတော့တယ်။

ကျွန်တော့်ရဲ့ကုမ္ပဏီလူကြီးတွေကြားထဲမှာလည်း သူ့လိုပဲ မာန်ကြွတဲ့လူ မကြာမကြာဆုံရပါတယ်။

ဒါပေမယ့် များသောအားဖြင့် သူတို့ထဲမှာ တစ်ဘက်ကမ်းခတ်ကျွမ်းကျင်သူတွေပါသလို၊ ဘက်စုံထူးချွန်သူတွေလည်း ရှိနေတယ်။ ကျွန်တော့်ထက်သာတာတွေလည်း အများကြီးတွေ့ရပါတယ်။ ကုမ္ပဏီအစည်းအဝေးတွေမှာ ပညာတစ်ခု မဟုတ်တစ်ခုတော့ ရစမြဲပါပဲ။ တစ်ယောက်နှင့်တစ်ယောက်လည်း လိုအပ်ချက်

mgyoe.com SAMPLE BOOK


တွေကို ဝိုင်းဖြည့်စွက်ပေးကြလေ့ ရှိပါတယ်။ ဒါဟာ ပူးပေါင်းဆောင်ရွက်မှုရဲ့ ပြယုဂ်ပဲပေါ့။

သင်တန်းပို့ချသူ တစ်ယောက်အနေဖြင့်ကျတော့လည်း ကျွန်တော်ဟာ 'တခြားလူတွေအပေါ် အကဲဖြတ်တာ အရေးကြီးတယ်'လို့ ယူဆပါတယ်။ ကျွန်တော့်သင်တန်းသားတွေကို နှိမ်မထားဘဲ သူတို့ဟာ တစ်နည်းမဟုတ် တစ်နည်းတော်တယ်လို့ အသိအမှတ်ပြုထားပါတယ်။ သူတို့ရဲ့ တစ်ဦးချင်းထူးချွန်မှု အခိုင်အမာတည်ဆောက်ပြီး အားပေး မြေတောင်မြှောက်ပေးတာ ကျွန်တော့်အလုပ်ပါပဲ။ ကျွန်တော် သူတို့အပေါ် အပြောမှားတာ, အမြင်လွဲတာ, လက်သပ်မွေးဖို့ ကြံတာနှင့် ပြဿနာတွေ တက်တော့တာပါပဲ။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သူတို့နှင့် တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်သားတည်းကျအောင် သတိထားပြီး၊ ကျွန်တော်ဟာ အတော်အတန် အတွေ့အကြုံရင့်ကျက်နေပေမယ့်၊ ကျွန်တော်က အဖြေရှာပေးသူမဟုတ်ဘဲ သူတို့အစွမ်းနှင့် သူတို့ အဖြေရှာနိုင်အောင် အားပေးတိုက်တွန်းခဲ့ပါတယ်။

မွန်မြတ်တဲ့ဝိညာဉ်ဟာ တစ်ဦးချင်းအနေနှင့် တော်တာရှိသလို ညံ့တာလည်း ရှိမှာပဲ။ မိုက်မဲသူတွေဖြစ်အောင်တော့ မဖန်ဆင်းခဲ့ပါဘူး။ ပညာရေးစနစ်ကတော့ တော်တဲ့လူနှင့် ညံ့တဲ့လူရယ်လို့ အရေးထားခွဲခြားပြီး မြှောက်စားမှု, ခြောက်လှန့်မှုတွေ သုံးပါတယ်။ အတတ်မြန်တဲ့လူနှင့် အတတ်နှေးတဲ့ လူတွေအဖြစ်လည်း အရည်အချင်းသတ်မှတ်လေ့ ရှိပါတယ်။ တကယ်တမ်းကျတော့ အားလုံးကို တတ်မြောက်အောင်သင်ကြားပေးပြီး၊ ပညာသင်လိုစိတ်တွေ ထက်သန်လာအောင် မြှင့်တင်ပေးရဖို့ လိုပါတယ်။

လက်ရှိပညာရေးစနစ်က မှန်သူ မှားသူ, အောင်သူ ရှုံးသူ, တော်သူ ညံ့သူလို့ အမှတ်ပေးစနစ်နှင့်သတ်မှတ် ဘဝတက်လမ်းကို လုပ်ဆောင်တာဟာ ကောင်းမကောင်း, သင့်မသင့် စဉ်းစားကြစေချင်ပါတယ်။

စာသင်သားတွေဟာ လက်ဖွေ့ထိုးတာ, ရွှေခါးပတ်လုတာ မဟုတ်ပါဘူး။ သူ့သေကိုယ်ကြေ နပမ်းသတ်တာ မဟုတ်ပါဘူး။ သူ့ထက်ငါ ပန်းတိုင်ကိုလှစင်ဖို့ လည်း အပြေးပြိုင်တာ မဟုတ်ပါဘူး။ တစ်ယောက်ကိုတစ်ယောက် အသာစီးယူပြီး

 SAMPLE BOOK 

အနိုင်ယူရချင်တဲ့စိတ်ဟာ လူလူချင်း မေတ္တာ, စေတနာ ခန်းခြောက်လို့ ရန်လို မုန်းတီးမှုတွေသာ ဖြစ်စေမှာပါ။

တရုတ်ပြည်ရဲ့ယဉ်ကျေးမှုတော်လှန်ရေးမှာ ထောင်သောင်းများစွာသော လူတွေဟာ တစ်ချိန်တည်းမှာ သင်တန်းသစ်တွေ တက်ရပါတယ်။ စက်မှုလယ်ယာ လုပ်ငန်းတွေကို ကျွမ်းကျင်အောင် ကြိုးစားကြရပါတယ်။ မြို့ရိုးအိုးအိမ်အသစ်တွေ တည်ဆောက်ရေးကို သင်ကြားရပါတယ်။ တိုင်းရင်းဆေးပညာ, စာသင်ကြားမှုနှင့် မိဘအုပ်ထိန်းသူအဖြစ်တွေ သင်ယူကြရတာလည်း ရှိပါတယ်။

ဒီနေရာမှာ လူတိုင်းပါဝင်လာအောင် အကြီးအကျယ် ဖိအားပေးပါတယ်။ အရွယ်မရောက်သေးတဲ့ ကလေးတွေ, ဆယ်ကျော်သက်တွေ, လူငယ်လူလတ်တွေ, သက်ကြီးရွယ်အိုတွေတောင် မကျန်ပါဘူး။ သူတို့ဟာ တစ်ပြေးညီ သင်ကြားရတာ ဖြစ်ပါတယ်။ လယ်ထွန်စက်မောင်းတာကို ကျွမ်းကျင်ပြီးမှ သင်တန်းဆင်းရပါတယ်။ အရင်တတ်ပြီးသားလူတွေက နောက်လူတွေကို ထပ်သင်ပေးရပါတယ်။ ယဉ်ကျေးမှုတော်လှန်ရေးနှင့် ပတ်သက်လို့ အပြစ်တင်ဝေဖန်စရာတွေ အများကြီး ရှိပေမယ့်၊ အဲဒီကာလက တရုတ်ပြည်ရဲ့ဆောင်ပုဒ်ဟာ အတော်လေးလှတယ်လို့ ဆိုရမှာပါပဲ။

'မိတ်ဆွေဖြစ်ရေးက ပထမ၊ ယှဉ်ပြိုင်ရေးက ဒုတိယ'ပါတဲ့။

ကျောင်းတွေက အဆင့်မြင့်ပညာရေးရဲ့ အခြေခံအဆောက်အဦတွေကို နက်နက်ရှိုင်းရှိုင်းလေ့လာမိရာက ၃ အုပ်စုဖြစ်နေတာ တွေ့ရပါတယ်။ ပထမအုပ်စုက တကယ့်အစစ်အမှန်ထူးချွန်သူ ပညာရှင်တွေ ဖြစ်လာပါတယ်။ ဒုတိယကတော့ လစာကောင်းတဲ့ ရာထူးတွေရဖို့, အရည်အချင်းမမီတဲ့ အောင်လက်မှတ်ရဖို့ ကြိုးစားသူတွေပါပဲ။ တတိယတွေကတော့ ကျောထောက်နောက်ခံ ဘွဲ့ရရုံသက်သက်သာ မှန်းတဲ့လူတွေ ဖြစ်ပြီး၊ သူတို့ဟာ လက်တွေ့အားဖြင့် ဘာမျှ သုံးမရပါဘူး။ အဲဒီအုပ်စုက အများစုလို့ ဆိုရပါမယ်။

ဒုတိယနှင့် တတိယတန်းစားတွေဟာ အစိုးရဌာန သို့မဟုတ် ကုမ္ပဏီကြီးတွေမှာ မန်နေဂျာအဆင့် ရကြပါတယ်။ သူတို့ဟာ အထက်က ညွှန်ကြားရေး

 mgyoe.com SAMPLE BOOK 

မှူးတွေနှင့် အောက်လက်ဝန်ထမ်းတွေရဲ့ ကြားခံအရာရှိတွေဆိုလည်း မမှားပါဘူး။ များသောအားဖြင့် သူတို့က ရာထူးအာဏာနှင့် ဘွဲ့ဒီဂရီတွေကို အားကိုးပြုပြီး မောက်ကြွားကြတယ်။ အထက်ဖား အောက်ဖိ လုပ်တယ်။ အမိန့်တွေ အကောင်အထည်ဖော်တယ်။ ပါဝါပြတယ်။ လက်အောက်ငယ်သားတွေကို နှိမ်တယ်။ သူတို့ကို အလယ်အလတ်စားအုပ်ချုပ်သူ ကြားခံလူတွေလို့ ခေါ်နိုင်ပါတယ်။ ဒီလိုနှင့် သူတို့လိုလူစားတွေရှိတဲ့ ဌာနဟာ ဖန်တီးနိုင်စွမ်းတွေကို ဖြုံခွင်းပစ်တတ်တာမို့ အခြေမလှ ဖြစ်ကြရတော့တာပါပဲ။ ဒီအဖြစ်မျိုးကို စစ်တပ်, ဘာသာရေးအသင်းအဖွဲ့, ပညာရေးလောကတွေမှာလည်း ကြုံရတတ်ပါတယ်။

ပညာရေးနယ်ပယ်က ဆရာအများစုကလည်း ကြားညပ်နေတယ် ဆိုရမှာပါပဲ။ ပညာရေးစနစ် ပုံစံမကျတာကို ပြောင်းလဲပစ်ချင်တဲ့ဆန္ဒ ရှိကြပေမယ့်၊ သူတို့အထက်အထက်က ဆရာ့ဆရာကြီးတွေကို မလွန်ဆန်နိုင်ပြန်ပါဘူး။ ကျွန်တော်တို့အမေရိကန်ရဲ့ပညာရေးစနစ်ဟာ ဦးဆောင်ညွှန်ကြားရေးမှူးတွေက ရာထူးအရှိန်အဝါကိုတွယ်ဖက်ပြီး ဩဇာကြီးစိုးနေသမျှတော့ ပြုပြင်ပြောင်းလဲဖို့ မလွယ်တာလည်း အမှန်ပါ။ တစ်နည်းအားဖြင့် ဗျူရိုကရက်ဝါဒနှင့် သွေးခွဲအုပ်ချုပ်မှုတွေ ရှိနေသမျှ ဆရာတွေရဲ့ နာသုံးနာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်လို့ ရမှာမဟုတ်ပါဘူး။

လွန်ခဲ့တဲ့နှစ်အနည်းငယ်က ခရီးသွားလာခွင့်တားမြစ်မှုကို ရုပ်သိမ်းလိုက်တဲ့ ကွန်မြူနစ်နိုင်ငံကြီးတစ်နိုင်ငံကို အခွင့်အရေးရတုန်း အလည်ရောက်သွားပါတယ်။ ဒီအခါမှာ ဆူဖြိုးဝနေတဲ့ လူချမ်းသာတွေနှင့် စုတ်ပြတ်မွဲတေနေတဲ့ ဆင်းရဲသားတွေဆိုပြီး အပိုင်း ၂ ပိုင်း ကွဲနေတာ တွေ့ရပါတယ်။ သူတို့ဟာ တစ်နိုင်ငံတည်းသားတွေ ဖြစ်ပါလျက်၊ အဖြူနှင့်အမည်းလို အကွာကြီး ကွာနေတာပါ။ ဆင်းရဲသားရပ်ကွက်က လူတွေဟာ လူချမ်းသာတဲ့လူတွေကို ကြည့်ပြီး တနုံ့နုံ့ဒေါသဖြစ်နေကြရပါတယ်။ လူချမ်းသာကြီးတွေကလည်း ကွန်မြူနစ်ခေါင်းဆောင်ကြီးတွေဟာ 'သူတို့ ဘယ်လို အပင်ပန်းခံကြိုးစားလို့ ဒီလို အထက်တန်းစားဘဝ ရောက်ရတယ်ဆိုတာ နားမလည်ကြဘူး' လို့ စောဒကတက်ကြပါတယ်။

mgyoe.com

သူတို့ချင်းဟာ ရုပ်ပိုင်းအရသာမက စိတ်ခါတ်နှင့် အတွေးအခေါ်တွေပါ ခံစားချက်ကိုယ်စီနှင့် ကွဲပြားခြားနားနေကြတာကလား။

ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုကကော ဘာထူးသေးသလဲလို့။ တစ်မျိုးထူးတာကတော့ ကျွန်တော်တို့ဟာ အသားအရောင်, လူမျိုးနွယ်, ဘာသာ, ကျားမ မရွေးဘဲပါဝင်တဲ့ 'မကြေညာတဲ့ စီးပွားရေးစစ်ပွဲ'ဆင်နွှဲနေကြတာပါပဲ။ ထိပ်တန်းသူဌေးကြီးတွေက လက်ရှိအတိုင်း အားလုံး အကောင်းဆုံးဖြစ်နေတာပဲလို့ ယုံကြည်ချင်ကြပါတယ်။ သူတို့က အလှူဒါနတွေ ပေးနေကြပေမယ့်၊ သူတို့ နှလုံးသားတွေထဲမှာတော့ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ထားကြတယ်။ သူတို့ရဲ့ ချမ်းသာကြွယ်ဝမှုပြင်ပက ဒုက္ခတွေကို မျှဝေခံစားသယောင် ဟန်ဆောင်ကြပေမယ့်၊ 'ဒါဟာ သူတို့ရဲ့ပြဿနာ မဟုတ်ဘူး'လို့ သတ်မှတ်ထားကြတာနှင့်အမျှ အထီးကျန် သီးသန့်လူတန်းစားဘဝမှာ ရပ်တည်နေကြတာကလား။

သူတို့သာမဟုတ်ဘဲ ကျွန်တော်တို့ သာမန်လူအချင်းချင်းမှာလည်း တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးစိမ်းကားပြီး အထီးကျန်ဝေဒနာကို ကြိတ်မှိတ်ခံစားနေရတာပါပဲ။

ဒီအတွေးမျိုးတွေ ပေါက်အောင်လည်း ပညာရေးစနစ်က မြစ်ဖျားခံဖန်တီးတယ်လို့ ဆိုနိုင်ပါတယ်။ ကျောင်းနေစ ၅ နှစ်သားကတည်းက 'နိုင်သူနှင့် ရှုံးသူ' ရယ်လို့ ရှိရမယ်ဆိုတာ ခေါင်းထဲစွဲနေအောင် သင်ခဲ့ရတာ မဟုတ်ပါလား။ ကြီးပြင်းတဲ့အထိ ကျွန်တော်တို့ရဲ့အသိဉာဏ်မှာ အမှန်တရားဆိုတာ သလ္လာဖုံးအောင် မှိုင်းတိုက်ခံခဲ့ရတာဆိုလည်း မမှားပါဘူး။

ကျွန်တော်တို့အနေဖြင့် ဘဝရဲ့အနှစ်သာရ လူစွမ်းအားရဲ့အတိုင်းအဆမရှိထက်မြက်မှုကို ဖော်ကျူးချင်တယ်ဆိုရင်တော့ ဒီလို ခေတ်မမီတော့တဲ့ အတွေးအခေါ်ဟောင်းတွေကို အရင်ပထမ ပြောင်းပစ်ရပါလိမ့်မယ်။

လူကို လူလိုမြင်ပြီး လူလူချင်း သမစိတ္တ မျှတညီညွတ်မှုကို ကျယ်ကျယ်ပြန့်ပြန့်ဖန်တီးပေးနိုင်ဖို့လည်း လိုပါတယ်။ လူတွေမှာ အတ္တ, မာန, လောဘ, ဒေါသတွေကို လျှော့နိုင်သမျှလျှော့ပြီး၊ မေတ္တာ, ကရုဏာ, မုဒိတာ, ကိုယ်ချင်းစာ

mgloe.com

စိတ်တွေ များသထက်များအောင် မွေးမြူပေးရေးကို ကျောင်းစာသင်ခန်းတွေက စ,ရပါလိမ့်မယ်။

ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာတွေကို ကမ္ဘာသူကမ္ဘာသားတွေအနေဖြင့် ဂရုဏာရှေ့ထား ဖြေရှင်းပေးဖို့ လိုတာနှင့်အမျှ ကမ္ဘာ့မိသားစုကြီးအဖြစ် လူလူချင်း တန်ဖိုးထားညှာတာ ထောက်ထားသင့်လှပါတယ်။

တောင်အမေရိကသစ်တောတွေ ခုတ်ပစ်တာ ကျုပ်တို့နှင့်မဆိုင်ဘူးလို့ မြောက်အမေရိကကလူတွေ ပြောတာ ဟိုတစ်ချိန် ကြားလိုက်သလိုပါပဲ။ ခုတော့ ကမ္ဘာ့မြေပြင်တစ်နေရာရာက ဖြစ်ပျက်မှုဟာ သက်ရောက်မှုရှိတယ်လို့တော့ အမြင်ကျယ်လာကြပါပြီ။ အိုဇုန်းလွှာပါးလာမှု, ကမ္ဘာကြီးပူနွေးလာမှု, ဆူနာမီလှိုင်းတွေဟာ လူသားအားလုံးနှင့် ဆိုင်တာ ကိုယ်တွေ့မျက်မြင် သိနားလည်ကြရတာပါပဲ။

ညျုကလီးယားလောင်စာစွန့်ပစ်မှုတွေဟာ ကိုယ့်အိမ်နားမှာ မဟုတ်သရွေ့ ပူစရာမလိုဘူး ပြောလို့မရပါဘူး။ ကြက်ငှက်တုပ်ကွေးလို ကျန်းမာရေးပြဿနာဆိုးကြီးဟာ စဖြစ်တဲ့နိုင်ငံကိုသာမက တစ်ကမ္ဘာလုံးကို ခြောက်လှန့်ခဲ့တာ ဝိုင်းကာကွယ်ခဲ့ကြရလို့ သက်သာရာရခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော် ၁၅ နှစ်အရွယ်မှာ အင်္ဂလိပ်စာ တစ်ဘာသာကျတာနှင့် အတန်းမတက်ရဘဲ နောက် ၁ နှစ် တက်နေခဲ့ရပါတယ်။

ဆင်းရဲဖေဖေက "မင်း ဘယ်လို ခံစားရသလဲ"မေးတော့ ကျွန်တော်က "ပြဿနာမရှိပါဘူး"လို့ ပြန်ဖြေခဲ့ပါတယ်။

"မင်း အတန်းကျသင့်လို့ ကျတာလား"ဆိုတဲ့အခါမှာတော့ "မကျသင့်ဘူး" လို့ ပြောမိတယ်။ အဖေက ဒေါကန်သွားတယ်။

"မတရားဘူး ဆိုတဲ့စကားမျိုး လူပြိန်းတွေပြောသလို နောက် ဘယ်တော့မှ လိုက်မပြောနှင့်။ မတရားဘူးဆိုရင် မတရားတာတွေဆီပဲ ဦးတည်သွားလိမ့်မယ်" တဲ့။

mgyoe.com

SAMPLE BOOK

သူက ကျွန်တော် စာမေးပွဲမအောင်တဲ့အတွက် စိတ်မဆိုးဘဲ၊ မကျေနပ်တဲ့ စကားပြောမိလို့ အပြစ်တင်တာပါ။

ဟားဗေး ရေးခဲ့တဲ့အတိုင်းဆိုရင် 'ရက်စက်မှုဆိုတာ အသေးအဖွဲလေးကနေ အကြီးအကျယ်ကြီးတွေဆီ ဦးတည်သွားနိုင်ပါတယ်'

တကယ်စင်စစ်တော့ ဖေဖေဟာ မကျေနပ်မှုကိုဖယ်ရှားပြီး မခံချင်စိတ်နှင့် ထပ်ကြိုးစားစေချင်ခဲ့တာပါ။ မကျေနပ်မှုဟာ ရက်စက်မှုကို မွေးဖွားပေးတာပဲ မဟုတ်လား။ လူဆိုတာ ရက်စက်မှုကိုတော့ လက်ရှောင်သင့်တာပေါ့။

ကျွန်တော့်ဖေဖေစကားဟာ တစ်သက်လုံးလက်စွဲသုံးဖို့ သင်ခန်းစာတစ်ရပ် ပါပဲ။ သူက လူ့စည်းကမ်းဘာသာရေးနှင့် ကိုယ်ကျင့်တရားတွေကို သင်ပေးခဲ့ တာပါ။

နှစ်ပေါင်းများစွာကြာလို့ ဗီယက်နမ်ကို ရောက်ခဲ့ချိန်အထိလည်း အကျိုး ပြုခဲ့တယ် ဆိုရပါလိမ့်မယ်။

ဒါနန်းမြို့ပြင်မှာ ဆိုက်ထားတဲ့ ကျွန်တော့်ဟယ်လီကော့ပတာပေါ် ၉ နှစ်–၁၀ နှစ်သားလေးတစ်ယောက် တက်ဆော့နေတာ ပက်ပင်းမိလိုက်ပါတယ်။ စစ်စည်းကမ်း စစ်ဥပဒေအရဆိုရင် ဒီကလေးကို ကျွန်တော် နေရာတွင် ပစ်သတ် ခွင့် ရှိပါတယ်။ စစ်မြေပြင်ဖြစ်နေသလို ကျွန်တော့်အသက်နှင့် စစ်တပ်ကြီးတစ်ခုလုံး ရဲ့လုံခြုံရေးကို ကာကွယ်တဲ့အနေနှင့်ပေါ့။ ဒါပေမယ့် သေနတ်နှင့် နဖူးကိုချိန်ရင်း မောင်းဆွဲမယ့်ဆဲဆဲမှာပဲ ဒီကောင်လေး မျက်လုံးတွေကို စိုက်ကြည့်ထားမိပါတယ်။

အဲဒီတွင် သူဟာ ကွန်မြူနစ်ပဲဖြစ်ဖြစ် ဘာကောင်ကြီးဖြစ်ဖြစ်၊ 'လူသား လေးတစ်ယောက်ပါလား'လို့ ပထမဆုံး အသိတရား ဝင်လာပါတယ်။ ဒီတွင် ကျွန်တော့်ထက် ရာထူးဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့အမိန့်ကို တစ်သဝေ မတိမ်းလိုက်နာရမယ့်အစား သွေဖည်ဖို့ ကြိုးစားလိုက်ပါတယ်။ ကလေးငယ်ကို မသတ်တော့ဘဲ အသက်ချမ်းသာပေးလိုက်သလို၊ အဲဒီနေ့ကစပြီး ရက်စက်မှုတွေကို စွန့်လွှတ်ခဲ့တော့တယ် ဆိုပါတော့။

ဒီနောက် ၃ ပတ်အကြာ လေယာဉ်တင်သင်္ဘောပေါ် ပြန်ရောက်နေတုန်း စစ်ဆင်ရေးကြီးတစ်ခုလုပ်ဖို့, တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်နယ်ခြားကို

 mgyoe.com SAMPLE BOOK 

သွားဖို့ အရေးပေါ်မက်ဆေ့ချ် ရောက်လာပါတယ်။ ကျွန်တော်ကတော့ သင်္ဘောကို ကျောခိုင်းစွန့်ခွာပြီး ပြန်မသွားတော့ပါဘူး။ ကျွန်တော့်ကို 'သရဲဘောကြောင်တဲ့ သစ္စာဖောက်'လို့ တခြားလေသူရဲတွေက ဝိုင်းခေါ်ကြပါတယ်။ ကျွန်တော့်အနေဖြင့်တော့ ရက်ရက်စက်စက် လူမသတ်ချင်တော့လို့ စစ်ထဲက ထွက်ခဲ့တာပါပဲ။ ဗီယမ်နမ်ချာတိတ်လေးရဲ့မျက်လုံးတွေက ကျွန်တော့်ကို မိန်းမောအိပ်ငိုက်နေရာက လှုပ်နှိုးလိုက်တာဆိုလည်း မမှားပါဘူး။ အဖေပြောခဲ့သလို မှားတာ, မှန်တာ အသာထား။ မတရားသဖြင့် ရက်စက်မှုကိုတော့ တစ်နည်းနည်းနှင့် တုံ့ပြန်ရမှာပါပဲ။

အဲဒီနောက်ပိုင်း ကမ္ဘာ့ပြဿနာတွေအကြောင်း စဉ်းစားတော့လည်း တခြားနည်းလမ်းနှင့် ဖြေရှင်းလို့ ရ,မရ အလေးအနက် ရှာဖွေမိတာပါပဲ။ အီရတ်နှင့်စစ်ဖြစ်လိုက်တဲ့နောက် အမေရိကန်ဟာ သူ့ပြည်တွင်းရေးပြဿနာတွေကို ဘယ်လိုဖြေရှင်းသလဲဆိုတာလည်း အဓိကပါပါတယ်။ လူဆင်းရဲတွေ, အိုးမဲ့အိမ်မဲ့အလုပ်လက်မဲ့တွေ, ကျန်းမာရေးပြုစုစောင့်ရှောက်ရေး အကျပ်အတည်းတွေ, ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ, မတိုးတက်လို့ ဒေါသဖြစ်နေကြရတာတွေ စသဖြင့် စသဖြင့်ပဲပေါ့။ ဒါတွေကို ဖုံးခွဲပြီး မောင်းထုတ်ပစ်လို့ မရပါဘူး။ ခေါဘဏီစစ်တပ်ကြီးနှင့်အင်အားပြဖြေရှင်းလို့ကော ဖြစ်ပါ့မလား။ လူတွေကို သတ်ဖြတ်ညှဉ်းပန်းမှုဟာ ပြဿနာတွေကို ရေရှည်ဖြေရှင်းနည်းလည်း မဟုတ်ပါဘူး။

ပြဿနာကို ဖြေရှင်းတယ်ဆိုတာ အရင်းအမြစ်က, အညာက ကိုင်တွယ်စမြဲပါ။ ခုလည်း ဒီပြဿနာတွေရဲ့ အရင်းခံတစ်ခုအဖြစ် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးလို့ဆိုရမယ့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုလုပ်ရမှာနှင့် တစ်သားတည်း ကျနေပါတယ်။ ဒီအခါမှာလည်း ပညာသင်ကြားမှုကို စိတ်ဝင်စားတဲ့လူတွေနှင့် ဩဇာတိက္ကမကြီးမားပြီး အောင်နိုင်မှုရထားတဲ့လူတွေရဲ့ ပတ်ဝန်းကျင်မှာ စတင်ဖန်တီးမှ ဖြစ်နိုင်ပါလိမ့်မယ်။

ဘတ်မင်စတာဖူလာ တစ်ချိန်က ပြောခဲ့သလိုဆိုရင် .

"လူတွေကို မပြင်ပါနှင့်။ ပတ်ဝန်းကျင်ကိုသာ ပြင်ပါ"လို့ ပြောရမှာပါပဲ။

ပြီးတော့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရာမှာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်

mgyee.com SAMPLE BOOK


အတွေးအခေါ်တွေကိုလည်း ပြောင်းပစ်ဖို့ လိုပါတယ်။ တစ်ဆက်တည်းမှာ ညံ့သူရော တော်သူတွေကြား ဒီအကြံဉာဏ်ကို ချပစ်နိုင်ဖို့လည်း အရေးကြီးပါတယ်။ ဒါတွေဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေတာပါ။ စပယ်ရှယ်အိုလံပစ်က ကလေးတစ်ယောက်ပြောဖူးတာ ရှိပါရဲ့။

"ကျွန်တော်တို့ဟာ ညံ့ဖျင်းတာ မဟုတ်ပါဘူး။ တချို့ဘာသာရပ်တွေမှာ နှေးသွားလို့သာ ဖြစ်ပါတယ်"

သူ့စကားဟာ ကျွန်တော်တို့အားလုံးအတွက် သက်ဆိုင်နေပါတယ်။ လူတိုင်းမှာ နှေးတာတွေရှိသလို၊ သွက်တာတွေလည်း ရှိပါတယ်။ ဒီလိုနှင့်ပဲ ကမ္ဘာကြီး သက်ဝင်လှုပ်ရှားနေရတာပါ။

လူတစ်ဦးချင်းမှာ ထူးခြားတဲ့ စွမ်းရည်တွေရှိပြီး၊ ပညာရေးနှင့် ရည်မှန်းချက်က အဲဒီစွမ်းရည်တွေကို အသီးအပွင့်တွေ ဖြစ်ထွန်းလာတဲ့အထိ အားပေးအားမြှောက် မြေတောင်မြှောက်ပေးဖို့ပါပဲ။

ဒီ မွေးရာပါ ဗီဇစွမ်းရည်တွေဟာ ဖန်တီးဉာဏ်ကို ဖြိုခွင်းဖျက်ဆီးပစ်တဲ့ ပတ်ဝန်းကျင်၊ အချက်အလက်၊ ကိန်းဂဏန်း၊ ပုံသေနည်းတွေနှင့် အပေါ်ယံ ပကာသနကို ဦးစားပေးတဲ့ပတ်ဝန်းကျင်မှာတော့ သီးပွင့်ထွန်းကားမှာ မဟုတ်ပါဘူး။

ကျောင်းတစ်ကျောင်းမှာ အစမ်းစာမေးပွဲတွေနှင့် အရည်အချင်းစစ်တာတွေ မရှိရင် ဘယ်လိုနေမလဲ။

လူကြီးတွေအနေနှင့် ကလေးတွေရဲ့ အတွင်းအဇ္ဈတ္တမှာ ဘုရားပေးတဲ့လမ်းညွှန်စနစ်တွေရှိတာကို ယုံကြည်လက်ခံပြီး သူ့ဘာသာသူ လိုအပ်သလို ပညာဗဟုသုတတွေ ဆည်းပူးခွင့်ပေးလို့ မရဘူးလား။

ကျွန်တော်တို့ဟာ ပညာရေးနှင့်ပတ်သက်လို့ ကလေးတွေအပေါ်မှာ ထားရှိတဲ့ ဆန္ဒသဘောထား၊ စိုးရိမ်ပူပန်မှု၊ ယုံကြည်မှုတွေကို ဘောင်ခတ်ပြီး ချုပ်ချယ်ထားတာကိုကော ဆင်ခြင်မိပါရဲ့လား။

ကျွန်တော်တို့ကိုယ်တိုင် သားသမီးတွေ သူတို့အတွက် သူတို့တွေးပြီး သူတို့ သင်ချင်တဲ့အသစ်အဆန်းတွေ သင်နိုင်စွမ်းရှိတာကို လက်ခံဖို့ ကြိုးစားသင့်

 mgyoe.com SAMPLE BOOK 

ပါတယ်။ ဒီတော့ 'ငါ့သားလေး တော်မှတော်။ ငါ့သမီးလေး တတ်မှတတ်' ဆိုတဲ့ ယုံကြည်ချက်ဟာ သူ့ရဲ့ပင်ကိုသဘာဝ အစစ်အမှန်တန်ဖိုးကို တွက်သိရာရောက်ပါရဲ့လား။

ကျွန်တော်တို့ဟာ ဆင်းရဲသားတွေ, ပညာမတတ်သူတွေ, ရာဇဝတ်ကောင်ရဲ့ အခြေအနေကို ပိုဆိုးသွားစေပြီး၊ သူတို့ကို မပျော်ရွှင်နိုင်တဲ့အထီးကျန်ဘဝမှာ ပစ်ထားခဲ့မယ့် တံခါးပိတ်စနစ်တစ်ခုကို အချိန်မီ မပြုပြင်နိုင်ရင်တော့ လူ့ဘဝရဲ့ အနှစ်သာရတွေနှင့် လောကကြီးအလှအပကို ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေမှာ မလွဲပါဘူး။

လူတွေတစ်ပုံကြီး မြေလူးနေရတဲ့ဘဝမှာ ဘယ်သူမျှ ချမ်းသာကြွယ်ဝမှု သုခစည်းစိမ်ကို ခံစားနိုင်မှာလည်း မဟုတ်ပါဘူး။

ဒါပေမယ့် ဒီအဖြစ်ကို အသည်းနှင့်ရင်းပြီး ပေးဆပ်ခဲ့ရတာပဲ မဟုတ်လား။

ကျောင်းမှာ ကလေးတစ်ယောက် စာမေးပွဲကျတယ်ဆိုတာ ကျွန်တော်တို့ကိုယ်တိုင်လည်း ကျပြီး၊ တစ်နည်းနည်းနှင့်ဆုံးရှုံးနစ်နာရတယ်ဆိုတာ နားလည်အောင် သင်ကြားဖို့တော့ လိုနေပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

အမေရိကန် စီးပွားရေးကုမ္ပဏီတွေနှင့်
သူတို့ဝန်ထမ်းတွေဟာ
သူတို့ရသင့်ရထိုက်တာ ရဖို့ထက်
လတ်တလောရနေတာကို မက်မောတဲ့စိတ်တွေထဲ
နစ်မွန်းနေကြတယ်။
Judith M. Bardwick

mgyoe.com

mgyoe.com SAMPLE BOOK

# ၅

## ငါ့လ
## ခတွေ ဘယ်
## မှာလဲ

လခထုတ်ရက်ရောက်တိုင်း လူတွေက ယောက်ယက်ခတ်နေတာပါပဲ။

လခ စောစောထုတ်ပြီး နေ့တစ်ဝက် အိမ်ပြန်ပြေးချင်ကြတာနှင့် မလာအား လို့ဆိုပြီး မိန်းမကို ကိုယ်စားလှယ် လွှတ်လိုက်တာနှင့်။ ရှုပ်နေတာမဟုတ်လား။

ဒီလူတွေက တစ်လနှင့်တစ်လ အလျှင်မိဖို့ ဒီလစာလေးပဲ အားကိုးနေကြ ရပုံပါပဲ။ ရတဲ့လခဆိုတာလည်း အကြွေးတွေ ထိုးဆပ်လိုက်ရတာနှင့် ကုန်ရော။ အများစုဟာ အထက်တန်းအောင် ဒီပလိုမာတွေ, တက္ကသိုလ်ဘွဲ့ရတွေဖြစ်ပေမယ့်၊ ငွေရေးကြေး ရေး အမြဲအခက်ကြုံနေကြရတာလည်း တွေ့ရပါတယ်။

ဒီကြားထဲကပဲ လုပ်ငန်းတွေ မကောင်းတော့တဲ့အခါ လစာလျှော့တာ, လူလျှော့တာတွေနှင့် ကြုံရသေးရဲ့။

တစ်နေ့ ဒီအကြောင်းတွေကို မိတ်ဆွေရင်းချာဖြစ်တဲ့ ဒေ့ဗ်နှင့် ဆွေးနွေး မိကြရာ၊ သူက

"ခင်ဗျားမှာကော ဒီလို ဝန်ထမ်းပြဿနာတွေ မရှိဘူလား" လို့ မေးလိုက်တော့ ကျွန်တော်က တစ်လုံးချင်းပဲ လေအေးလေးနှင့် ရှင်းပြမိတယ်။

"ကျွန်တော်တို့မှာ သမရိုးကျအသိဉာဏ်သာရှိတဲ့ ဝန်ထမ်းတွေ မထား ဘူးဗျ။ အဲ့သလိုလူတွေ ရှိရင်လည်း ဒီနေ့လို လုပ်ငန်းတွေအသက်ဆက်နိုင်မှာ မဟုတ်ဘဲ ပျက်ကိန်းဆိုက်လောက်ပြီ။ ကျွန်တော်တို့နှင့် လက်တွဲလုပ်တဲ့ ဝန်ထမ်း

mgyoe.com

mgyoe.com SAMPLE BOOK

အများစုဟာ လွတ်လပ်ကြတယ်။ သူတို့ဟာ လစာမက်ပြီး လုပ်ကြတာမဟုတ်ဘူး။

"ဒါဖြင့် ခင်ဗျားလုပ်ငန်းက ဖရန်ချိုက်စ်လား မာလ်တီလယ်ဗယ်ကွန်ရက်ဈေးကွက်ကုမ္ပဏီလား"

"အဲ့သလိုလည်း မဟုတ်ဘူး။ ကျွန်တော်ဝန်ထမ်းတွေက သူတို့အတွက်သူတို့ လုပ်ကြရတာပဲ။ သူတို့မှာ ငွေကိုဖန်တီးဖို့၊ ဒါမှမဟုတ် ငွေရအောင်လုပ်နည်းတွေကို နားလည်ကြတာ များတယ်"

"ငွေအတွက်လုပ်တာနှင့် ငွေကိုဖန်တီးတာ ဘာကွာလို့လဲ"

"ငွေအတွက်လုပ်တယ်ဆိုတာ ငွေရှာတာရဲ့ အစိတ်အပိုင်းအသေးစားလေးတစ်ခုပါပဲ"

ကျွန်တော်က စက်ဘီးစီးတဲ့ဖြစ်စဉ်နှင့် သာဓကဆောင်လိုက်ပါတယ်။

စက်ဘီးတစ်စီးမှာ အဓိကကျတာက ခြေနင်းကိရိယာတွေပဲ ဖြစ်တယ်။ ဒါပေမယ့် တခြားအင်္ဂါအစိတ်အပိုင်းတွေကို ကျွမ်းကျင်နိုင်နင်းဖို့လည်း လိုသေးတယ်။ ခြေနင်းတတ်ရုံနှင့် စွတ်နင်းလို့ကတော့ မျက်ခွက်စုတ်သွားမှာပေါ့။ လက်ကိုင်ကို ထိန်းတတ်ဖို့လည်း အရေးကြီးတယ်။ အရှောင်အတိမ်း အကွေ့အချိုးတွေလည်း ပါလာဦးမယ်။

ငွေရှာရမှာလည်း ဒီသဘောပါပဲ။ ခြေနင်းတတ်တာ တစ်ခုတည်း၊ (လုပ်ခလစာ မျှော်ကိုးမှုတစ်မျိုးတည်း)နှင့်တော့ ကြီးပွားစရာအကြောင်း မရှိပါဘူး။ ဒီ့အပြင် အကျပ်အတည်း အခက်အခဲဒုက္ခတွေ မပြတ်ရင်ဆိုင်နေရမှာ သေချာပါတယ်။

"ဆက်ပြောပါဦး။ ကျွန်တော် ထပ်သိချင်ပါသေးတယ်"

"ကျွန်တော့်ကုမ္ပဏီမှာ လုပ်ကြတဲ့လူတိုင်းက ငွေကိုဖန်တီးနိုင်တဲ့စွမ်းရည်ကို အဆက်မပြတ်မြှင့်တင်ဖို့ ကြိုးစားနေကြတာပဲ။ ကျွန်တော်တို့ဟာ စီးပွားရေးလုပ်ငန်းတစ်ခုထက် သင်တန်းကျောင်းတစ်ကျောင်းနှင့် ပိုတူတယ်။ ကျွန်တော့်ဝန်ထမ်းတွေဟာ လုပ်ငန်းခွင်မှာ ဘက်စုံထူးချွန်ပြီး ကျရာနေရာမှာ တာဝန်ယူနိုင်အောင် လေ့ကျင့်ကြတယ်။ သူတို့အဖို့ လစာဟာ ပဓာနမဟုတ်တော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK
ပညာတွေဆည်းပူးဖို့, အများတွေလုပ်ဖို့, အမှန်ပြင်ဖို့, သူတို့စမ်းသပ်ရှာဖွေတွေ့ရှိမှုတွေကို တင်ပြဖို့ပဲ ကြိုးပမ်းကြရတယ်။ လေ့ကျင့်သင်ကြားမှုတွေနှင့် ပြုပြင်ပြောင်းလဲမှုတွေလုပ်ရင်းက လုပ်ငန်းက ထွန်းကားလာရတာပဲပေါ့။ ဒီလိုလုပ်ရတာလည်း ငွေးငွေ့စရာကို တကယ်မရှိတော့ဘူး။ ပုံသေကားချ အမေမှာ မှာတဲ့အတိုင်း လုပ်စရာမလိုသလို၊ တီထွင်ကြံဆမှုတွေလုပ်ဖို့သာ အားပေးခဲ့ကြရတယ်လေ။ ဒါထက် ခင်ဗျားလူတွေက လစာရဖို့ ဘာလုပ်ကြသလဲ"

"သူတို့လည်း တာဝန်ကျရာအလုပ်ကို ကြိုးစားပမ်းစားလုပ်ကြတာပါပဲ"

"လုပ်ငန်းရဲ့ စီမံခန့်ခွဲမှုအပိုင်းမှာကော သူတို့ ပါဝင်ခွင့်ရရဲ့လား"

"စီမံကိန်းတွေ, ဆုံးဖြတ်ချက်ချတာတွေ, ပြဿနာဖြေရှင်းတာတွေကို ဆိုလိုတာလား"

"အင်းလေ"

"ဒါတော့ ရမယ်မထင်ဘူး။ အများစုကလည်း စိတ်မဝင်စားဘူး။ နားမလည်ဘူး"

"ဒါဖြင့် သူတို့က လစာရဖို့ အလုပ်လုပ်ရုံသက်သက်ပဲ ရှိတာပေါ့"

ဒွေဗ်က ခေါင်းညိတ်သည်။ ကျွန်တော့်စကားတွေက သူ့အတွက် အထူးအဆန်းတွေ ဖြစ်နေသလိုပါပဲ။

ကျွန်တော်က မေးခွန်းထုတ်လိုက်ပါတယ်။

"ဒါဖြင့် သူတို့လစာကို ဘယ်ပုံစံနှင့် တိုးပေးသလဲ"

"သူတို့မှာ လုပ်သက်အရ နှစ်တိုးလစာတွေ ရမယ်။ ဒါမှမဟုတ် လခတိုးတာနှင့် တစ်ပါတည်း ရာထူးတက်မယ်"

"ဒီတော့ သူတို့ ကြာကြာလုပ်လေ ပိုက်ဆံပိုရလေ ဆိုပါတော့"

"ပြီးတော့ ကျွန်တော်တို့မှာ အာမခံကြေးနှင့် အငြိမ်းစားရန်ပုံငွေ စုရတာလည်း ရှိတယ်။ ဆုကြေးတွေ ရတဲ့အခါလည်း ရှိတယ်။ ဒါပေမယ့် ဝန်ထမ်းတွေက ဆုကြေး ဘယ်လောက်ရရ မပျော်ကြပါဘူး။ သူတို့က အဲ့ဒီ့ထက် ပိုရသင့်တယ်လို့ ယူဆနေကြတာပဲ"

"ကဲ–ခင်ဗျားပြောတာပဲ ပြန်ကြည့်ရအောင်။ သူတို့ဟာ အလုပ် လာတယ်။
mgyoe.com

 SAMPLE BOOK 

ကျရာတာဝန် ကျေပွန်တယ်။ အမှားအယွင်း မရှိဘူး။ လခ ထုတ်တယ်။ အိမ်ပြန်တယ်။ ဒါပဲ မဟုတ်လား"

"ဒီ့အပြင် ကျွန်တော်တို့ ပျော်ပျော်ပါးပါး လက်တွဲလုပ်ကြတာပဲ။ သူတို့က ကျွန်တော့်ကို 'သဘောကောင်းတဲ့သူဌေး'လို့တောင် ခေါ်ကြသေးတယ်"

ကျွန်တော်လည်း ဘာမျှဆက်မပြောဘဲ စာရွက်လွတ်တစ်ခုပေါ်မှာ ရေးချလိုက်တယ်။

Where Is My Paycheck.

"ထိပ်ဆုံးစာလုံးတွေကို ကောက်ပြီး စာလုံးပေါင်းလိုက်ရင် WIMP ဆိုတဲ့ 'အသုံးမကျတဲ့ လူဖျင်းလူညံ့' အဓိပ္ပာယ် ထွက်လာတာပဲဗျ။ ခင်ဗျားက လူဖျင်းလူညံ့တွေကို စုဆောင်းထားတာလား"

ဒေ့ဗ်က စိတ်ဆိုးသွားတယ်။ သူ့ကိုယ်သူ အမျိုးမျိုး ကာကွယ်ပြောတယ်။ သူတို့ကို ဂရုစိုက်စောင့်ရှောက်ထားတဲ့အကြောင်းနှင့် လစာ တိုးမပေးနိုင်တဲ့ အကြောင်းတွေလည်း ပါတယ်။

ကျွန်တော်က 'သူ စိတ်ထဲရှိတာ ပြောပါစေ'လို့ လွှတ်ပေးလိုက်ပြီး၊ သူ ငြိမ်သွားပြီဆိုမှ–

"သူတို့ကို လုပ်ငန်းအကြောင်း ပို တတ်သိကျွမ်းကျင်အောင် ဘာလို့ သင် မပေးတာလဲ။ သူတို့ဟာ ကွန်ပျူတာပညာရှင်တွေ မဟုတ်လား။ ဒါဆို သူတို့ကို ပိုပြီးကြီးမားတဲ့ တာဝန်တွေနှင့် ကုမ္ပဏီရဲ့လုပ်ငန်းလည်ပတ်မှုမှာ ပိုပြီး ပါနိုင်ခွင့် မပေးတာလဲ"

"များသောအားဖြင့် သူတို့က လုပ်ငန်းအကြောင်း လေ့လာသင်ယူချင်စိတ် မရှိကြဘူးဗျ။ သူတို့က လခရဖို့ပဲ မက်တာ။ သူတို့လုပ်တတ်တာပဲ လုပ်ချင်ကြတာ။ ကျွန်တော်နှင့်ခင်ဗျားလို 'စီးပွားရေးသမား လုပ်ငန်းရှင်တွေဟာ လူလိမ်လူကောက်တွေ'လို့ မှတ်နေကြတာပါ။ ဒီ့အတွက် လုပ်ငန်းထဲမှာ ဝင်မစွက်ဖက်ချင်ကြဘူး။ သူတို့လခရဖို့၊ အကျိုးအမြတ် နည်းနည်းပါးပါးရှိဖို့၊ အပန်းဖြေခရီးထွက်ဖို့၊ အငြိမ်းစားယူဖို့လောက်ပဲ တွေးနေကြတာပါ။ သူတို့ကို လုပ်ငန်း ဘယ်လိုလည်ပတ်ရသလဲဆိုတာ သင်ပေးရင် အလုပ်က ထွက်ကုန်မယ်။ သူတို့ကိုယ်ပိုင်